ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့၊ (7-8-2003) (၃၉၅၅)

ပူဇာစ ပူဇနေယျာနံ တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ယနေ့ထုတ်
စောင်ရေ
၂၂၃၈၅၁

အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



ရန်ကုန် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Alcatel Shanghai Bell Company Limited **ဥက္ကဋ္ဌ** Mr. Yuan Xin **နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဝင်းအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Economic & Commercial Counsellor, Mr. Jin Honggen လည်းတက်ရောက်သည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ Alcatel Shanghai Bell Company Limited ဥက္ကဋ္ဌ Mr. Yuan Xin နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းသားတို့၏ ဖန်တီးနိုင်မှုစွမ်းပကား "ဧရာစွမ်းအား" စပါးခွံလောင်စာသုံးအင်ဂျင်များ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၌အကျိုးပြုနေ

သတင်းဆောင်းပါး –ရွှေတင်အုန်း၊ ဓာတ်ပုံ –ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၆

စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် စွမ်းအင်သည် အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ စွမ်းအင်ကို နေရောင်ခြည်မှလည်းကောင်း၊ ပုံမှန် တိုက်ခတ်သည့် လေမှလည်းကောင်း၊ ရေစီးနှင့်ဒီရေတို့မှလည်းကောင်း ထုတ်လုပ်နိုင်သကဲ့သို့ ရေနံ၊ ကျောက်မီးသွေးကဲ့သို့သော ရုပ်ကြွင်းလောင်စာများမှ လည်းကောင်း၊ တွင်းထွက် သဘာဝဓာတ်ငွေ့နှင့် အခြား လောင်ကျွမ်းနိုင်သော ဓာတ်ငွေ့များမှလည်းကောင်း ထုတ်ယူနိုင်သည်။

လေ့လာမှတ်တမ်းတင်

ဧရာဝတီတိုင်း၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများ၊ လယ်ယာ သားငါးကဏ္ဍ ကုန်ထုတ်လုပ်ငန်းများ၊စက်မှုလက်မှုကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု လေ့လာ၍ သတင်းဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံများ ရယူနိုင်ရန်အတွက် ပုသိမ်မြို့သို့ရောက်ရှိခဲ့သော ကြေးမုံသတင်းအဖွဲ့၏သတင်းခရီးစဉ်အတွင်း စပါးခွံကို လောင်စာအဖြစ် သုံးစွဲသော အင်ဂျင်ထုတ်လုပ်ရေးစက်ရုံတစ်ခုကိုပါ လေ့လာမှတ်တမ်းတင်ခွင့်ရရှိခဲ့သည်။

ဒီဇယ်ဆီ၊ဓာတ်ဆီ၊ဓာတ်ငွေ့ စသည့် သုံးရိုးသုံးစဉ်လောင်စာများကို သုံးစွဲခြင်းမပြုဘဲ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းတစ်ခုဖြစ်သောစပါးခွံကို

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ဒိုင်နာအင်ဂျင်တွင် (Gas Type) **ပုံစံပြောင်းလဲ၍** RH-4**စပါးခွံ မီးဖိုနှင့်တွဲကာ စက်လည်ပတ်စေပြီး စပါးခွံမီးဖိုမှ ထုတ်လုပ်သော သန့်စင်ပြီးဓာတ်ငွေ့ကို မြင်းကောင်ရေ ၂၀/၂၅ရှိ ဒိုင်နမိုမှတစ်ဆင့် လျှပ်စစ်ဓာတ်ထုတ်ယူကာ တစ်နာရီလျှင် ရေဂါလန်တစ်သိန်းတင်နိုင်မှုကို လက်တွေ့မောင်းနှင်ပြသနေသည်ကို လွန်ခဲ့သော ဇူလိုင် ၁၈ ရက်က တွေ့ခဲ့ရစဉ်။ (လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် နွေစပါးစိုက်ပျိုးခြင်းလုပ်ငန်းများတွင် အသုံးပြုသည်။)** ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၈-၂၀၀၃
(ကြာသပတေးနေ့)

ရေတော်မိုးတော် ထွန်တုံးပိတ်နိုင်ရေး ကြိုးပမ်း အဓိကသီးနှံများ တိုးချဲ့စိုက်ပျိုးဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားနပ်ရိက္ခာပြည့်စုံဖူလုံစေရေးနှင့် ဆက်စပ်လျက်ရှိသည်။ ထို့အပြင် ပြည်သူ အများစုကြီးဖြစ်သည့် ကျေးလက်နေ တောင်သူလယ်သမားများ၏ စားဝတ်နေရေး၊ လူနေမှုအဆင့်မြင့်မားရေးတို့ကိုပါ တစ်ပါတည်းဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းနေခြင်းဖြစ်သည်။ နိုင်ငံတော်တစ်ဝန်း စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်စေရန် ရေရရှိရေးကို နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ စိုက်ပျိုးရေး အထောက်အကူပြုစက်ကိရိယာများ၊ ဓာတ်မြေသြဇာစသည့် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်တွင် စားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့် စီးပွားရေး တိုးတက်စေရေးအတွက် ဆန်စပါးကို အလေးထားစိုက်ပျိုးလျက်ရှိသည်။ နှစ်စဉ် မိုးစပါးဧက ၁၃ သန်းကျော်၊ နွေစပါးဧက သုံးသန်းကျော် စိုက်ပျိုးလျက်ရှိရာ မိုးစပါး၊ နွေစပါး နှစ်ရပ်ပေါင်း ဧက ၁၆သန်းကျော် စိုက်ပျိုးလျက်ရှိသည်။

ရေ၊ မြေသဘာဝကောင်းမွန်ပြီး နုန်းတင်မြေနုမြေဆီလွှာများ ပိုင်ဆိုင်ထားသည့် ဒေသများတွင် ဆန်စပါးစိုက်ဧကများ တိုးချဲ့ဆောင်ရွက်သင့်သကဲ့သို့ တစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေးအတွက် အားသွန်ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်သည်။

ဧရာဝတီတိုင်းကဲ့သို့ စိုက်ပျိုးမြေကျယ်ပြန့်စွာရှိပြီး မြေဆီမြေလွှာကောင်းမွန်သည့် ဒေသများတွင် မိုးစပါးများကို စိုက်ပျိုးလျက်ရှိရာ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ အခမ်းအနားကို ဩဂုတ်လ ၄ ရက်နေ့က ကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။ ယခုနှစ် မိုးစပါးရာသီတွင် စုစုပေါင်းဧက ၃၃ ဒသမ ၇၆သိန်း စိုက်ပျိုးထုတ်လုပ်ရန် လျာထား သတ်မှတ်ထားရာ ယခုအချိန်အထိ ရေတော်မိုးတော်စိုက်ဧက ၃၁သိန်းကျော် စိုက်ပျိုးပြီးဖြစ်သည်။ ၉၂ ရာခိုင်နှုန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ရာ မိုးစပါးစိုက်ပျိုးရာသီကုန်တွင် လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရေးကို ယခုကဲ့သို့ အချိန်စောစီးစွာပြီးစီးစေရန် ရေတော်မိုးတော်ဧရိယာများကို စိုက်ပျိုးလုပ်ကိုင်ရခြင်းမှာ လာမည့်ဆောင်းရာသီတွင် ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ နှံစားသီးနှံများကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပေသည်။

မြေဆီသြဇာကောင်းမွန်သော ဒေသဖြစ်၍ စပါး၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းစသည့် နိုင်ငံတော်၏ အဓိကသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ပဲမျိုးစုံဧက ၁၃သိန်းကျော်၊ ဆီထွက်သီးနှံဧက သုံးသိန်းကျော်၊အစေ့ထုတ်ပြောင်းဧက ငါးသောင်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ဝါဧက ၂၀၀ကျော်၊ ကြံဧက ၂၀၀၀ ခန့် စိုက်ပျိုးလျက်ရှိသည်။

အခြားသော ပြည်နယ်တိုင်းများရှိ တောင်သူလယ်သမားများကလည်းမိုးစပါးများစိုက်ပျိုးလျက်ရှိရာ တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေးအတွက် အထူးကြိုးစားစိုက်ပျိုးကြရမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျမှန်ကန်စွာ သုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက်ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး နည်းလမ်းများကို စနစ်တကျ ကျင့်သုံးစိုက်ပျိုးကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ ရည်မှန်းချက်များနှင့်အညီ ဆန်စပါးဖူလုံပိုလျှံစွာထွက်ရှိနိုင်ရေးအတွက် မိုးစပါးများကို ရေတော်မိုးတော်ထွန်တုံးပိတ်နိုင်ရေး ကြိုးပမ်းကြရန်နှင့် အဓိက သီးနှံများကိုလည်း ယခုထက် တိုးချဲ့ စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့တွင် သင်တန်းသားများလျှောက်လွှာခေါ်ယူ

ရန်ကုန် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(Myanmar Maritime University)**ကို ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်အတွက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင်** B.E (Marine Engineering)၊ B.E (Port & Harbour Engineering)၊ B.E (River & Ocean Engineering)၊ B.E (Marine Electrical Systems & Electronics)၊ B.Sc. (Hons) (Nautical Science) **သင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဘွဲ့သင်တန်းတစ်ခုချင်းအတွက် သင်တန်းကာလမှာ ငါးနှစ်ဖြစ်သည်။**

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် (Myanmar Aerospace Engineering University)ကို ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်အတွက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင် B.E (Aerospace - Propulsion & Flight Vehicles)၊ B.E (Aerospace - Avionics)၊ B.E (Aerospace- Electrical Systems and Instrumentation)နှင့် B.E (Aerospace Fuel & Propellant Engineering) သင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဘွဲ့သင်တန်းတစ်ခုချင်းအတွက် သင်တန်းကာလမှာ ငါးနှစ်ဖြစ်သည်။

မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တွင် Diploma in Engine & Airframe Technology၊ Diploma in Avionic Technology နှင့် Diploma in Electrical & Instrumentation Technology ဘွဲ့ကြိုနည်းပညာဒီပလိုမာသင်တန်းသုံးခုကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းတစ်ခုချင်းအတွက် သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။

ယင်းတက္ကသိုလ်များသို့ အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသော အမျိုးသားများ လျှောက်ထားနိုင်သည်။ (က)ဘွဲ့သင်တန်းများအတွက် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းရမှတ် ၃၈၀မှတ်နှင့် အထက်ရရှိပြီး အောက်ပါဘာသာတွဲများဖြင့် အောင်မြင်ခဲ့ရသူဖြစ်ရမည်ဖြစ်သည်။ (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ၊ (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သမိုင်း၊ (၃)မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ (ခ)ဘွဲ့ကြိုဒီပလိုမာသင်တန်းများအတွက် အမှတ်ကန့်သတ်ချက် မရှိပါ။ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအပြင် ယခင်နှစ်များက သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များ ပါဝင်သော ဘာသာတွဲတစ်ခုခုဖြင့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများပါ လျှောက်ထားနိုင်သည်။ (ဂ) လျှောက်ထားသူသည် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ (ဃ) ကျန်းမာရေးစစ်ဆေးမှု အောင်မြင်ရမည်။ (င)လူတွေ့ စစ်ဆေးခြင်းခံယူရမည်။ (စ)တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ၁၂-၈-၂၀၀၃ ရက်မှ ၁-၉-၂၀၀၃ရက်အထိ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ဝင်ခွင့်လျှောက်လွှာအိတ်တွင် တစ်ပါတည်း ထည့်သွင်း၍ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာ ဦးစီးဌာန-အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံစာစစ်အဖွဲ့ကထုတ်ပေးသော အမှတ်စာရင်း မိတ္တူကို ပူးတွဲ၍တင်ပြရမည်ဖြစ်ပြီး မူရင်းကို လူတွေ့စစ်ဆေးခြင်းခံယူရန်အတွက် သတင်းပို့သော အခါ ယူဆောင်လာရမည်ဖြစ်သည်။ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများသည် သတ်မှတ်လျှောက်လွှာများကို တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ အိတ်ထုတ်ပေးသည့် စာစစ်ဌာနကြီးကြပ်ရေးမှူး (အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများ) ထံတွင် ရယူနိုင်သည်။

(ဆ) ၂၀၀၃ခုနှစ်မတိုင်မီ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဘွဲ့ကြိုနည်းပညာဒီပလိုမာသင်တန်းများသို့ လျှောက်ထားလိုသူများသည် သတ်မှတ်လျှောက်လွှာများကို စာစစ်ဌာနကြီးကြပ်ရေးမှူး (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် ရယူနိုင်သည်။ ထို့နောက် လျှောက်လွှာကို သီးခြားစာအိတ်တွင် ထည့်သွင်းပြီး တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန - အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းမိတ္တူကို ပူးတွဲ၍ တင်ပြရမည်ဖြစ်ပြီး မူရင်းကို လူတွေ့စစ်ဆေးခြင်းခံယူရန်အတွက် သတင်းပို့သောအခါ ယူဆောင်လာရမည်ဖြစ်သည်။

(ဇ) အကယ်၍ ဖော်ပြပါ တက္ကသိုလ်နှစ်ခုသို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာထားသော နည်းလမ်းအတိုင်း ကျန်တက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်သည်။

အသေးစိတ်သိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ် ရန်ကုန်မြို့ ဖုန်း-၅၀၃၁၄၇၊ ၅၂၅၆၁၂၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဆင်မလိုက် ကမာရွတ် ရန်ကုန်မြို့ ဖုန်း-၅၃၉၄၇၃၊ ၅၃၉၄၇၅နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် မိတ္ထီလာမြို့ ဖုန်း-၀၆၄-၂၂၂၀၁၊ ၀၆၄-၂၂၂၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၆လမ်း(အထက်) အမှတ် ၂၂၅/၂၂၇ ဖုန်း-၂၅၀၉၅၀နှင့် ၂၈၃၆၁၇ တို့က ဖြန့်ချိသော အတွဲ(၅)၊ အမှတ်(၁၅) ကနောင်ဂျာနယ် မျက်နှာဖုံး။ (က-ပ)



ဩဂုတ် ၅ ရက်က အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း)နှင့် အရိုးရောဂါအထူးကုဆေးရုံများအတွက် ဆေးပဒေသာပင်အလှူငွေစိုက်ထူလှူဒါန်းပွဲတွင် သိန်းဂရု(ပ်) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဒါရိုက်တာဦးအောင်သိန်းက ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။(ကျန်းမာရေး)

ပြည်မြန်မာသတင်းဂျာနယ် အသွင်သစ်ဖြင့်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၆

၁၉၉၆ ခုနှစ် ဧပြီလမှစတင်ထုတ်ဝေခဲ့သည့် ပြည်မြန်မာသတင်းဂျာနယ်ကို စက္ကူဖြူအချောစားဖြင့် သတင်းဦးစားပေး အသွင်သစ်ပြောင်းလဲထုတ်ဝေလိုက်ရာ မြန်မာပြည်ရှိ အမြင့်ဆုံးမျှော်စင်ကြီး၊ သန်လျင်တံတားအလွန်က ရုပ်ရှင်ခြံသစ်၊ မိုးဒီနှင့် ပွင့်တို့၏ နောက်ဆုံးသတင်း၊ မေဆွိ၏ ရွှေရောင်အိပ်မက်များ မိတ်ဆက်၊ လမင်းမိုမိုနှင့် တွေ့ဆုံခြင်း၊ တိုတိုထွာထွာ မန္တလာ၊ မြန်မာပြည်က ရှိမီယိုနှင့် ဂျူးလိယက်၊ ထရပ်ကားအဟောင်းဖြင့် ပင်လယ်ကို ဖြတ်ကျော်ခြင်းစသည့် ပြည်တွင်းပြည်ပသတင်း စုံလင်စွာဖြင့် ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၃၇၃ ကို သုတစွယ်စုံစာအုပ်တိုက် အမှတ်(၉) ရေကျော်လမ်း ရန်ကုန်မြို့ ဖုန်း-၂၀၀၅၁၂နှင့် ၂၀၂၀၈၉ တို့က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(ဝဲပုံ)** (က-ပ)

အင်္ဂလိပ်စာနှင့် စာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၆

ဦးကိုဦး(B.Sc) ကိုယ်တိုင် အင်္ဂလိပ်စကားပြော နှုတ်တိုက်လေ့ကျင့်သင်ရိုးသစ်များဖြင့် Aung Language Center တွင် ဩဂုတ် ၉ရက်မှစ၍ စနေနေ့နှင့် တနင်္ဂနွေနေ့များ အပတ်စဉ် နံနက် ၈နာရီမှ ၁၀နာရီအထိ၊ ညနေ ၃နာရီခွဲမှ ၅နာရီအထိ တစ်ရက်နှစ်ကြိမ် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် အခြေခံစာရင်းရေး စာရင်းကိုင်သင်တန်းကိုလည်း မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ၊ စာရင်းကိုင် LCCI Level I ကို ညနေ ၅နာရီမှ ၆နာရီခွဲအထိ စနေနှင့် တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း ၁၊ ရန်ကင်းကြားမှတ်တိုင်အနီး၊ ရန်ကင်း သဲကွင်းအနီး ဖုန်း ၅၄၂၉၂၀သို့ ရုံးချိန်အတွင်း စုံစမ်းတက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

အီရတ်ပြန်လည်ထူထောင်ရေး၌ ပါဝင်ရန် ပြင်သစ် လိုလား ကုလသမဂ္ဂ ဆုံးဖြတ်ချက်သစ်တစ်ရပ် ချမှတ်ရန် လိုအပ်မည်

ပါရီ ဩဂုတ် ၅

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်မဆောင်ရွက်မီ ပြင်သစ်နိုင်ငံက ကုလသမဂ္ဂ ဆုံးဖြတ်ချက်သစ်တစ်ရပ် ချမှတ်ရန် ပြင်သစ်နိုင်ငံက လိုလားကြောင်းဖြင့် ကာကွယ်ရေးဝန်ကြီး အီလီယော့မာရီက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ကုလသမဂ္ဂ ဆုံးဖြတ်ချက်အသစ်တစ်ရပ်ချမှတ်ပြီး အမေရိကန်ပြည်ထောင်စုက ပြင်သစ်အား အကူအညီပေးပါရန် ပြောကြားပြီးကတည်းက အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း အီလီယော့မာရီက အခိုင်အမာပြောကြားသည်။

ဖြည့်ဆည်းပေးထား

မကြာမီက ချမှတ်ထားသည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် တည်ငြိမ်ရေး ကြိုးပမ်းမှုများတွင် အခြားနိုင်ငံများ ပါဝင်ဆောင်ရွက်ခွင့် အလုံအလောက်ရရှိရန် ဖြည့်ဆည်းပေးထားကြောင်း အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ စကော့မက်ကလီလန်က ပြောကြားပြီးခဲ့သည့်နောက် အီလီယော့မာရီက ပြောကြားခြင်းဖြစ်သည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် မိမိတို့ပါဝင်ဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အကြောင်းနှစ်ရပ်ရှိကြောင်း၊ ပထမအကြောင်းအရာမှာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အသစ်တစ်ရပ် ထွက်ပေါ်ရေးပင်ဖြစ်ကြောင်း၊ ယင်းသို့ ပေါ်ပေါက်ပါက အီရတ်ပြန်လည်တည်ဆောက်ရေးတွင် အကူအညီပေးရန် မေတ္တာရပ်ခံချက်ကို မိမိတို့လက်ခံမည်ဖြစ်ကြောင်း၊ ယခုအချိန်အခါတွင် အဆိုပါအကြောင်းကိစ္စများကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးကြောင်း အီလီယော့မာရီက ပြောကြားသည်။

တပ်သားပို့လွှတ်မည်

ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကိစ္စနှင့် စပ်လျဉ်း၍ အဓိကအခန်းကဏ္ဍမှ ပါဝင်မှုရှိခဲ့ပါက ပြင်သစ်၊ ရုရှားနှင့်ဂျာမနီနိုင်ငံတို့က အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်သားများပို့လွှတ်ရန် ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကြည့်ရှုစစ်ဆေး

အီရတ်နိုင်ငံတီကရစ်မြို့တွင် အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခံရပြီးနောက် ပျက်စီးသွားသည့် အမေရိကန်စစ်ကားကို အမေရိကန်စစ်သားများက ကြည့်ရှုစစ်ဆေးနေစဉ်။ (ယင်းပေါက်ကွဲမှုကြောင့် အမေရိကန်တပ်သားသုံးဦး ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံသို့ တပ်များစေလွှတ်ရေးကိစ္စ အာရပ်နိုင်ငံများ သဘောထားကွဲလွဲလျက်ရှိ

ကိုင်ရို ဩဂုတ် ၅

အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်များ စေလွှတ်ရန် အခက်ကြုံနေသော အမေရိကန်၏ မေတ္တာရပ်ခံချက်အလားအလာကို ဆွေးနွေးရန် အာရပ်နိုင်ငံခြားရေးဝန်ကြီးများသည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အင်္ဂါနေ့၌ တွေ့ဆုံကြမည်ဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ်အရာရှိများက ပြောဆိုသည်။

ယင်းမှာ အချင်းချင်းသဘောထားကွဲသွားနိုင်သည့် အတိမ်းအစောင်းမခံသော ပြဿနာတစ်ရပ် ဖြစ်ကြောင်းဖြင့် အာရပ်အဖွဲ့ချုပ်မှ အမည်မဖော်လိုသည့် အရာရှိတစ်ဦးက ဝေဖန်ပြောဆိုသည်။

အကြောက်အကန်ဆန့်ကျင်

အီရတ်နိုင်ငံသို့ တပ်များစေလွှတ်ရေးကို အချို့သောအာရပ်နိုင်ငံများက အကြောက်အကန် ဆန့်ကျင်ကြသည်။ အခြားသော အာရပ်နိုင်ငံများကမူ ကုလသမဂ္ဂ ဆုံးဖြတ်ချက်တစ်ရပ်ရှိပြီး အီရတ်နိုင်ငံ၏တရားဝင်အစိုးရက မေတ္တာရပ်ခံလျှင် တပ်များစေလွှတ်ရေးမှာ အကြောင်းမဟုတ်ဟု သဘောထားကြသည်။

အစည်းအဝေးအစီအစဉ်တွင် သူသိရသလောက် အမေရိကန် မေတ္တာရပ်ခံချက်ကိစ္စ မပါဝင်ကြောင်းဖြင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်မာဟာက ပြောကြားသည်။

အစည်းအဝေးတွင် အီရတ်လုံခြုံရေးနှင့်စပ်လျဉ်းသော အကြောင်းအရာများကို ဆွေးနွေးမည်ဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဟီရှမ်ယူဆွတ်က အတည်ပြုပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးမှာ အမေရိကန်နှင့် ဗြိတိန်တပ်များ၏ တာဝန်သာ ဖြစ်ကြောင်း ဟီရှမ်ယူဆွတ်က ထပ်မံပြောကြားလိုက်သည်။ ***အင်တာနက်။***

အယ်လ်ခိုင်ဒါ နံပါတ်(၂) ခေါင်းဆောင်၏ အသံသွင်းကြိုးခွေ စစ်မှန်သော တိပ်ခွေအဖြစ် စီအိုင်အေ ပညာရှင်များ သုံးသပ်

ဝါရှင်တန် ဩဂုတ် ၅

အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)မှ နည်းပညာဆိုင်ရာ ပိုင်းခြားလေ့လာမှုအရ ယခုရက်သတ္တပတ်၌ ရုပ်မြင်သံကြားတွင် ထုတ်လွှင့်သွားသည့် စကားပြောတိပ်ခွေတွင် အသံသွင်းထားသည့် အသံရှင်မှာ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့မှ အိုစမာဘင်လာဒင်ပြီးလျှင် ဒုတိယနေရာအဆင့်ရှိ အယ်လ်ဇာဝါရီ၏အသံ ဖြစ်နိုင်ကြောင်း တနင်္လာနေ့က ဆုံးဖြတ်ချက်ချထားသည်။

ကျူးဘားနိုင်ငံ ဂွာတာနာမိုစခန်းတွင် ထိန်းသိမ်းထားသူများအား အမေရိကန်ပြည်ထောင်စုက အန္တရာယ်ပြုပါက ယင်းလုပ်ရပ်အတွက် အမေရိကန်အနေဖြင့် တန်ဖိုးကြီးစွာ ပေးဆပ်ရမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က လွှင့်ထုတ်သွားသည့် စကားပြောတိပ်ခွေတွင် အသံရှင်က အမေရိကန်ပြည်ထောင်စုအား သတိပေးထားသည်။

အဆိုပါ စကားပြောခွေ၏ အသံရှင်အား ဇာဝါရီဟု လုံးဝ အပ်ချမပ်ချ မဆုံးဖြတ်နိုင်သော်လည်း ၎င်းဩဂုတ်လ ၃ ရက်က လွှင့်ထုတ်သွားသည့် အဆိုပါစကားပြောခွေမှ အသံသည် ဇာဝါရီ၏အသံနှင့် တူဖွယ်ရှိသည်ဟု စီအိုင်အေမှ နည်းပညာဆိုင်ရာ ပိုင်းခြားလေ့လာ အကဲဖြတ်ချက်အရ သိရှိရသည်ဟု စီအိုင်အေမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

— ပေးဆပ်ရမည် —

ဂွာတာနာမိုစခန်းတွင် ထိန်းသိမ်းထားသည့်မွတ်စလင်များအား အမေရိကန်က စစ်ခုံရုံးဖွဲ့ပြီး စွဲချက်တင်စစ်ဆေးမည်ဟု ကြေညာထားပြီး ၎င်းမွတ်စလင်များအား သေဒဏ်စီရင်နိုင်ကြောင်း၊ အမေရိကန်အနေဖြင့် အထိန်းသိမ်းခံမွတ်စလင်များအား မည်သည့်နှိပ်စက်မှုမျိုးအတွက်မဆို တန်ဖိုးကြီးမားစွာ ပေးဆပ်ရမည်ဖြစ်ကြောင်း ဒူဘိုင်းအခြေစိုက် အယ်လ်အာရေးဗီးယား ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည့် စကားပြောတိပ်ခွေတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အယ်လ်ခိုင်ဒါအဖွဲ့ဝင်များ အီရန်လွှဲပေးမည်မဟုတ်

တီဟီရန် ဩဂုတ် ၅

အိုစမာဘင်လာဒင်၏ အယ်လ်ခိုင်ဒါ ကွန်ရက်အဖွဲ့မှ ဖမ်းမိထားသော မည်သည့် အဖွဲ့ဝင်ကိုမဆို အမေရိကန်အစိုးရထံ လွှဲပေးမည်မဟုတ်ကြောင်း အီရန်နိုင်ငံက တနင်္လာနေ့တွင် ထုတ်ဖော် ကြေညာလိုက်သည်။ ထို့ပြင် အီရန်နှင့် အမေရိကန်တို့ အကျဉ်းသားဖလှယ်ရေးကိုလည်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းထည့်သွင်းကြေညာလိုက်သည်ဟု ရိုက်တာသတင်းတွင် ပါရှိသည်။

အီရန်နိုင်ငံက အယ်လ်ခိုင်ဒါ ထိပ်တန်းအဖွဲ့ဝင်အချို့ကို ဖမ်းဆီးထားကြောင်း လွန်ခဲ့သည့်လက ပထမဆုံးအကြိမ် လူသိရှင်ကြား ဝန်ခံလိုက်သည်။ ချစ်ကြည်ရင်းနှီးသော မိတ်ဆွေနိုင်ငံများသို့ အချို့ကို ပြန်ပို့ရန် အစီအစဉ်ရှိကြောင်း အီရန်က ကြေညာသည်။

အယ်လ်ခိုင်ဒါ ကွန်ရက်အဖွဲ့၏ လုံခြုံရေးအကြီးအကဲဟု ယူဆသော အီဂျစ်လူမျိုးတစ်ဦးဖြစ်သူ ဆာအစ်အယ်အဗ္ဗဒယ်အပါအဝင် အီရန်နိုင်ငံက ဖမ်းဆီးထားသော အယ်လ်ခိုင်ဒါ အဖွဲ့ဝင်များကို လွှဲပြောင်းပေးရန် မေတ္တာရပ်ခံပြီး ယင်းကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန်အစိုးရက အီရန် အစိုးရကို ချဉ်းကပ်နေကြောင်း အမေရိကန်အရာရှိတစ်ဦး၏ ပြောကြားချက်ကို နယူးယောက်တိုင်းမ် သတင်းစာက စနေနေ့တွင် ကိုးကားဖော်ပြသည်။

အင်တာနက်။

သမ္မတရာထူးနှင့် ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် မထိုက်တန်ဟု ရုပ်မြင်ပရိသတ်တစ်ဦး သဘောထားပေးပို့

ဝါရှင်တန် ဩဂုတ် ၅

အီရတ်စစ်ပွဲနှင့် ပတ်သက်သည့် ထင်မြင်ယူဆချက်များကို ရုပ်မြင်ပရိသတ်များက စီအင်န်အင်န်သတင်းဌာန၏ အိုးပင်းဖိုရမ် အစီအစဉ်သို့ ပေးပို့လျက်ရှိကြရာ ယူနိုက်တက်ကင်းဒမ်းမှ ရုပ်မြင်ပရိသတ်တစ်ဦး ပေးပို့လိုက်သည့် သဘောထားတွင် အမေရိကန်တို့သည် အီရတ်နိုင်ငံတွင် ဝင်ရောက်တပ်စွဲပြီး လက်နက်များကို ရှာဖွေနေမည့်အစား အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် အီရတ်အစိုးရဖြစ်ပေါ်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးသင့်ကြောင်းနှင့် အခြားရုပ်မြင်ကြည့် ပရိသတ်တစ်ဦး ရေးသားပေးပို့သည့် သဘောထားတွင် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် အရည်အချင်းမပြည့်ဝသူဖြစ်၍ သမ္မတရာထူးနှင့် မထိုက်တန်ကြောင်း၊ အီရတ်အရေးကိစ္စနှင့် ပတ်သက်၍ ဘုရှ်က မှန်ကန်သည့် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကောင်း ဖြစ်နိုင်သော်လည်း အမေရိကန်များနှင့် အပြစ်မဲ့ပြည်သူများ၏ အသက်များ ဆုံးရှုံးကြရခြင်းကြောင့် ဘုရှ်၏ ဆုံးဖြတ်ချက်မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း ဖော်ပြထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

(၁၄)ကြိမ်မြောက် အမေရိကနိုင်ငံများ အားကစားပြိုင်ပွဲ ဘောလုံးပွဲစဉ်တွင် အာဂျင်တီးနားအသင်းမှ ဟူဂိုကော်လက်စ်(ယာ)က ပါရာဂွေးမှ ကစားသမားကို ကျော်၍ ခေါင်းခုန်တိုက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံတင်သင်္ဘော သောင်တင်၍ ကရာချိဆိပ်ကမ်း၌ ရေနံယိုဖိတ်မှုဖြစ်ပွား

ကရာချိ ဩဂုတ် ၅

ပါကစ္စတန်နိုင်ငံ ကရာချိဆိပ်ကမ်းအနီးတွင် တန် ၆၀ ကျော် ရေနံစိမ်းများသယ်ဆောင်လာသည့် သင်္ဘော သောင်တင်မှုကြောင့် ရေနံများယိုဖိတ်ကုန်ကြောင်း သိရသည်။ အဆိုပါ ရေနံများကို ဖယ်ရှားရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ စေလွှတ်ထားကြောင်းနှင့် ရာသီဥတုဆိုးရွားမှုကြောင့် သင်္ဘောသောင်တင်မှု တစ်ရပ်ဖြစ်ပွားခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက တင်ပြသွားသည်။

စီအင်န်အင်န်။

သြဂုတ် ၄ ရက်က ဘဂ္ဂဒက် အနောက်ဘက်မိုင်၅၀အကွာခါဒီယာ မြို့တွင် ရဲစခန်းအပြင်ဘက်၌ မီးရှို့ဖျက်ဆီးခံရသည့် ထရပ်ကားတစ်စီးပေါ်တက်၍ လက်ပစ်ဗုံးများ ကိုင်ဆောင်ကာ အမေရိကန်တို့အား တိုက်ခိုက်မည်ဟု အားခဲနေကြသည့် အီရတ်လူငယ်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ ရဲဌာနချုပ်ကို ခုခံရေးသမားများ တိုက်ခိုက်

အမေရိကန် စစ်သားငါးဦးနှင့် အီရတ်စကားပြန်တစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် သြဂုတ် ၅

အီရတ်နိုင်ငံတွင် အမေရိကန် စစ်သားငါးဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ ဒဏ်ရာရရှိသွားပြီး ရဲဌာနတစ်ခုတို့ မီးတင်ရှို့ခံရချိန်တွင် အမေရိကန် တာဝန်ရှိသူများသည် ကမ္ဘာ့အနှံ့သွားလာပြီး အီရတ်နိုင်ငံ၌ အကူအညီရရှိရေးအတွက် တောင်းခံလျက်ရှိကြသည်။ ထိုအကူအညီများရရှိလာလျှင် အီရတ်တွင် စခန်းချထားသော စစ်ပန်းနေသည့် အမေရိကန်တပ်ဖွဲ့များနေရာ၌ အစားထိုးချထားနိုင်မည်ဖြစ်သည်။

မြေစာပင်

ဆက်ဒမ်အပေါ်သစ္စာခံသူများနှင့် အမေရိကန် စစ်သားများအကြား ပစ်ခတ်မှုတွင် အီရတ်အရပ်သားများမှာ မြေစာပင်ဖြစ်ကြရသည်။ လွန်ခဲ့သော သီတင်းပတ်အတွင်းက ဘဂ္ဂဒက်မြို့ ဈေးပိုင်းမင်ဆွာအရပ်တွင် ဆက်ဒမ်ကို ဖမ်းမိရေးအတွက် စစ်ဆင်စဉ်က အမေရိကန်တပ်၏ပစ်ခတ်မှုကြောင့် အီရတ်အရပ်သားလေးဦး သေဆုံးသွားရကြောင်းကို စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ဝန်ခံခဲ့သည်။

ရဲတင်းစွာ တိုက်ခိုက်

အီရတ်ခုခံရေးသမားများကတနင်္လာနေ့တွင် ဘဂ္ဂဒက်မြို့ရှိ အင်အားဖြည့်ပြီး တောင့်တင်းအောင် ပြုပြင်ထားသော ရဲဌာနချုပ်ကို ရဲတင်းစွာ တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုတွင် ဒုံးကန်အားသုံး လက်ပစ်ဗုံးနှင့် ပစ်ခတ်မှုကြောင့် အမေရိကန်စစ်သားသုံးဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ ဒဏ်ရာရရှိသွားကြသည်။ ထိုအဖြစ်အပျက်က လူဦးရေငါးသန်းရှိ ဘဂ္ဂဒက်၏ အခြေအနေကို ဖော်ပြနေသည်။

ထိုနေ့က ဘဂ္ဂဒက်မြို့ လေဆိပ်သို့ သွားရာ အန္တရာယ်များလှသော လမ်းမပေါ်တွင်လည်း အမေရိကန်စစ်သားများ ချုံခို တိုက်ခိုက်ခံခဲ့ရသေးသည်။ ထိုလမ်းမပေါ်တွင် ချုံခိုတိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

လက်လုပ်ဗုံး

ထိုနေ့နံနက်ပိုင်း ၉နာရီ၂၅ မိနစ်က လေဆိပ်သွားရာလမ်းပေါ်၌ သွားနေသော စစ်ယာဉ်တန်းကို လက်လုပ်ဗုံးဖြင့် တိုက်ခိုက်ခံရရာ အမေရိကန်စစ်သားနှစ်ဦး ဒဏ်ရာရသွားပြီးဟမ်းဗီးစစ်ယာဉ်တစ်စီး ပျက်စီးသွားသည်။ အတိုက်ခံရသော တပ်ဖွဲ့မှာ အမှတ်(၃) သံချပ်ကာတပ်မမှ ဖြစ်သည်ဟု တပ်ကြပ်ကြီးမတ်အင်ဟမ်က ပြောကြားသည်။

အမေရိကန်တို့က အီရတ်စစ်တပ်အသစ်ဖွဲ့စည်းရေးနှင့်ပြန်လည်ထူထောင်ရေးကို လုံးပန်းလျက်ရှိကြစဉ် ယခုကဲ့သို့ကိစ္စများဖြစ်ပွားခြင်းသည် အမေရိကန်တို့အတွက် အထိနာခြင်းပင် ဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်။***

ဘေဂျင်းနှင့်ယာဉ်

တရုတ်ပြည် ဘေဂျင်းမြို့လယ်၌ ယာဉ်အသွားအလာ များပြားသည်ကို သြဂုတ် ၄ ရက်က တွေ့ရစဉ်။ (ဘေဂျင်းတွင်ကားစီးရေ နှစ်သန်းအထိရှိရာ ယင်းအနက် ၁ ဒသမ ၂၈ သန်းမှာ ကိုယ်ပိုင်ကားများ ဖြစ်သည်။) (ဓာတ်ပုံ-ဆင်ဟွာ)

အမေရိကန်တပ်ပစ်ခတ်သဖြင့် အရပ်သားများ သေဆုံး

ဒေါသူပုန်ထနေသော လူအုပ်ကြီးက ရဲစခန်းကို စီးနင်း

ခါဒီယာ သြဂုတ် ၅

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၈၀ အကွာတွင် တည်ရှိသော ခါဒီယာမြို့တွင် ဒေါသူပုန်ထနေသော လူအုပ်ကြီးကရဲဌာနကိုဝင်ရောက်စီးနင်း ဖျက်ဆီးသွားကြသည်ဟုဆိုသည်။

ပြဿနာမှာ အီရတ် ခုခံရေးသမားများက အမေရိကန်ယာဉ်တန်းကို ချုံခိုတိုက်ခိုက်ရာမှစတင် ဖြစ်ပွားခြင်း ဖြစ်သည်ဟုမျက်မြင်သက်သေများကဆိုသည်။

ထိမှန်

အနည်းဆုံး အမေရိကန်စစ်သားတစ်ဦးထိမှန်သွားပြီး ဒဏ်ရာရသူကို ရဲဌာနအတွင်းသို့ သယ်ယူသွားကြသည်။ အမေရိကန်တို့က ပြန်လည်ပစ်ခတ်ရာ ကလေးများ အပါအဝင် အရပ်သူ၊ အရပ်သား အများအပြား ထိမှန်သွားသည်ကို တွေ့မြင်ကြရကြောင်း မျက်မြင်သက်သေများက ပြောပြကြသည်။

ထိုနောက်ပိုင်းတွင် ဒေါသအမျက်ထွက်နေသော လက်နက်ကိုင် လူအုပ်ကြီးသည် ရဲစခန်းကို ဝင်ရောက်စီးနင်းလိုက်ကြသည်။ ရဲစခန်းအတွင်းရှိ အမေရိကန်စစ်သားများနှင့် ရဲတပ်သားများ၏ ကံကြမ္မာကို သဲသဲကွဲကွဲမသိရပေ။ သို့သော် ၎င်းတို့မှာ ထွက်ပြေး လွတ်မြောက်သွားသည်ဟု ယူဆကြသည်။ ရဲစခန်းကို စီးနင်းပြီးနောက် လူအုပ်ကြီးသည် ရဲကားကို မီးတင်ရှို့လိုက်ကြသည်။

ကြွေးကြော်

၎င်းတို့သည် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများကို အော်ဟစ်ကြပြီး မြို့တွင်း၌ လှည့်လည် သွားလာရင်း လေထဲသို့လည်း သေနတ်များ ပစ်ဖောက်ခဲ့ကြသည်။***အင်တာနက်။***



ကနေဒါ တောမီး ထိန်းချုပ်နိုင်ပြီ

ကမ်လု (ဗြိတိသျှ ကိုလံဘီယာ) သြဂုတ် ၅

ကနေဒါ နိုင်ငံ အနောက်ပိုင်းတွင် ဆယ်စုနှစ် ကာလအတွင်း အဆိုးရွားဆုံး လောင်ကျွမ်းခဲ့သော တောမီးများ ငြိမ်းသတ်ရေးတွင် ခြေကုန်လက်ပန်းကျနေသည့် မီးသတ်သမားများသည် အရှိန်ညီးညီး တောက်လောင်နေသည့် မီးညွှန့်ကို ကျိုးအောင် ငြိမ်းသတ် ထိန်းချုပ်နိုင်ခဲ့ပြီး ဘေးကင်းရာ ရွှေ့ထားသည့် လူ ၈၅၀၀ခန့်ကို နေအိမ်များဆီသို့ ပြန်လည် ရွှေ့ပြောင်းလာခွင့် ပေးလိုက်ပြီဖြစ်သည်။

ရာသီဥတု လေ့လာချက်အရ လေပြင်းထန်နိုင်ပြီး မိုးကြိုးပစ်နိုင်ကာ မိုးရွာသွန်းမှုမရှိနိုင်ကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက ထုတ်ဖော်ပြောကြားသည်။

ဗန်ကူးဗားမြို့ အရှေ့မြောက်မိုင် ၇၀အကွာရှိ ကမ်လုဒေသတွင်မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်မှု မရှိကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

အယ်ဘာတာရော့ကီးတောင်တန်း ဒေသ၏ အနောက်တောင်ပိုင်း ကရိုရက်စ်တောင်ကြားတွင် မီးငြိမ်းသတ်မှုများအား လေတိုက်ခိုက်မှုကြောင့် အဟန့်အတား ဖြစ်လျက်ရှိရာ ၎င်းဒေသမှ လူ ၂၀၀၀တို့ကို ဘေးကင်းရာသို့ ထွက်ခွာသွားစေခဲ့သည်။

ယင်းမီးလောင်ကျွမ်းမှုကြောင့် လူအသေအပျောက်မရှိကြောင်း သို့ရာတွင်အိုးအိမ်ဒါဇင်ချီ၍ ပျက်စီးဆုံးရှုံးကြသည်။ လူ၅၀၀၀ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းရန်နှင့် အခြားလူ ၅၀၀၀အားသတိဝီရိယနှင့်နေထိုင်ကြရန်သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက တပ်လှန့်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီး ရှေ့နှစ် ရွေးကောက်ပွဲအပြီးတွင် ရာထူးမှ ဆင်းပေးမည်ဟုဆို

ဝါရှင်တန် သြဂုတ် ၅

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးပါဝဲလ်နှင့် ၎င်း၏ လက်ထောက် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရစ်ချက်အာမီတေ့ချ်တို့က လာမည့်နှစ် ရွေးကောက်ပွဲအပြီးတွင် ရာထူးမှ ထွက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူသို့ ပြောကြားထားပြီးဖြစ်သည်ဟု သတင်းရရှိသည်။

ခုခံကာကွယ်သူမရှိ

၎င်းတို့မရှိလျှင် အမေရိကန်အစိုးရ၏ ရန်လိုသော ဗီဇစရိုက်ကို တစ်ခါတစ်ရံတွင် ဟန့်တားပေးသည့် သဘောထား ပျော့ပျောင်းသော ခုခံကာကွယ်သူ မရှိသည့် အခြေဆိုက်သွားနိုင်သည်ဆို၏။

ရာထူးမှနုတ်ထွက်မည်

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် သမ္မတဘုရှ် အနိုင်ရသည့်တိုင်အောင် ၎င်းတို့နှစ်ဦးမှာ ထိုအချိန်ရောက်လျှင် ရာထူးမှနုတ်ထွက်ကြမည်ဖြစ်ကြောင်း မစ္စတာအာမီတေ့ချ်က အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ကွန်ဒိုလီဇာရိုက်ဇ်အား ပြောကြားထားသည်ဟု ဝါရှင်တန်ပို့စ်က ရေးသားဖော်ပြထားသည်။

ငြင်းဆို

ထိုသတင်းမှာ အခြေအမြစ်လုံးဝမရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနနှင့် သမ္မတအိမ်ဖြူတော်တို့က ငြင်းဆိုလိုက်ကြသည်။ မစ္စတာအာမီတေ့ချ်နှင့် ကွန်ဒိုလီဇာရိုက်ဇ်တို့ စကားပြောဆိုစဉ် အနီးကပ်ရှိနေသူများက ပြောသည်ဟုဆိုသည်။

နှစ်သက်ကြ

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးပါဝဲလ်နှင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့နှစ်ဦးမှာ သမ္မတအကြိုက် လုပ်ကိုင်နေသူများဖြစ်ပြီး သူတို့အနေဖြင့်လည်း လုပ်ငန်းတွင် ပျော်ပိုက် နှစ်သက်ကြကြောင်း သမ္မတအိမ်ဖြူ ပြောရေးဆိုခွင့်ရှိသူ မစ္စတာမက်အလီလန်က ပြောဆိုသည်။

အင်တာနက်။

ဘေဂျင်း-ရှန်ဟိုင်း ကျည်ဆန်ရထားပြေးဆွဲရန် ဂျပန်ကူညီမည်

တိုကျို သြဂုတ် ၅

ဂျပန်ပို့ဆောင်ရေးဝန်ကြီးချီကာကိ အိုဂျီသည် တရုတ်နိုင်ငံသို့ ရောက်ရှိနေပြီး ဘေဂျင်း-ရှန်ဟိုင်းရထားလမ်းပြေးဆွဲရာတွင် ဂျပန်ရှင်ကန်ဆန်ကျည်ဆန်ရထားအား လက်ခံသုံးစွဲလာစေရန် ကြိုးပမ်းလျက်ရှိသည်။ ဝန်ကြီးအိုဂျီသည် ဘေဂျင်းမြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်အပြင်တရုတ်နိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းကြီးများ ကြီးကြပ်သည့် ကော်မတီမှ ပုဂ္ဂိုလ်များနှင့်လည်းတွေ့ဆုံပြီး ရှင်ကန်ဆန်ကျည်ဆန်ရထားစနစ်၏ စိတ်ချရမှုများနှင့် ခရီးသည် ပိုမိုတင်ဆောင်နိုင်မှု စွမ်းရည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ တရုတ်နိုင်ငံတွင် ကျည်ဆန်ရထားပြေးဆွဲမှု စတင်မည်ဆိုပါက ဂျပန်နိုင်ငံအနေဖြင့် နည်းပညာအကူအညီများ ပေးအပ်မည် ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်ဟု အင်န်အိပ်ချ်ကေ သတင်းဌာနက တင်ပြသွားသည်။***အင်န်အိပ်ချ်ကေ။***

ခြိမ်းခြောက်သည့်နည်းဗျူဟာ ဘုရှ်အစိုးရအဖွဲ့အသုံးပြုခဲ့ဟု အမေရိကန်သံအမတ်ကြီးဟောင်း ဝေဖန်

ဝါရှင်တန် ဩဂုတ် ၅

အီရတ်စစ်ပွဲ မတိုင်မီကာလက အီရတ်နိုင်ငံနှင့်ပတ်သက်နေသော ထောက်လှမ်းရေး သတင်းအချက်များအား ကိုင်တွယ်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ ဝေဖန်မှုများကို ချေဖျက်နိုင်ရေးအတွက် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူ ဘုရှ် အစိုးရအဖွဲ့သည် ခြိမ်းခြောက်သည့် နည်းဗျူဟာများကို အသုံးပြုခဲ့သည်ဟု အမေရိကန်သံအမတ်ကြီးဟောင်း ဂျိုးဆက်ဝီလ်ဆင်က ပြောကြားသည်။ ဝီလ်ဆင်သည် နိုင်ဂျာနိုင်ငံထံမှ ယူရေနီယံဝယ်ယူရရှိနိုင်ရန် အီရတ်နိုင်ငံက ကြိုးပမ်းခဲ့သည်ဆိုသော သမ္မတဘုရှ်၏ ပြောဆိုချက်နှင့်ပတ်သက်၍ ဖြစ်ပေါ်ခဲ့ရသော အငြင်းပွားမှုတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။

အီရတ်နိုင်ငံသည် နိုင်ဂျာနိုင်ငံထံမှ ယူရေနီယံ ဝယ်ယူရရှိရန် လုပ်ဆောင်ခဲ့သည်ဆိုသော သတင်းအချက်အလက်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် အမေရိကန်ဗဟို ထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က ဝီလ်ဆင်အား အဆိုပါနိုင်ငံသို့ ၂၀၀၂ ခုနှစ်တွင် စေလွှတ်ခဲ့သည်။

သို့ရာတွင် ယင်းသတင်းအချက်အလက်မှာ ယုံကြည်နိုင်ဖွယ်မကောင်းသော သတင်းအချက်အလက်အဖြစ် ပေါ်ထွက်လာခဲ့သည်။

သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် ဇန်နဝါရီလက နိုင်ငံတော်အခြေပြ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ရာတွင် နိုင်ဂျာနိုင်ငံထံမှ ယူရေနီယံဝယ်ယူရရှိနိုင်ရန် အီရတ်နိုင်ငံ ကြိုးပမ်းခဲ့သည်ဟု အခိုင်အမာ ပြောဆိုခဲ့သည်။

သို့ရာတွင် စာရွက်စာတမ်းအတုများအရ ယင်းစွပ်စွဲချက်ပေါ်ထွက်ခဲ့ပုံကို နောက်ပိုင်းတွင် ပေါ်လွင်ထင်ရှားလာခဲ့သည်။ ယူရေနီယံကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်ရန် နိုင်ဂျာနိုင်ငံသို့ ဝီလ်ဆင်သွား ရောက်သင့်သည်ဟု ဝီလ်ဆင်၏ ဇနီးဖြစ်သူက စီအိုင်အေကို အကြံပြုခဲ့ကြောင်း၊ ဝီလ်ဆင်၏ဇနီးသည် စီအိုင်အေ သူလျှို တစ်ဦးဖြစ်ကြောင်း အမေရိကန်အစိုးရ အထက်တန်းတာဝန်ရှိသူနှစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ချီကာဂို သတင်းစာ၏ ပင်တိုင်ဆောင်းပါးရှင် ရောဘတ်နိုဗက်က ရေးသားခဲ့ကြောင်း၊ ယင်းမှာ မိမိနာမည်ပျက်စေရန် ပြောဆိုခြင်းပင်ဖြစ်ကြောင်း အမျိုးသားစာနယ်ဇင်းအဖွဲ့၏ ဟောပြောပွဲတစ်ရပ်တွင် ဝီလ်ဆင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန် အီရန်အသင့်ရှိ

ဘဂ္ဂဒက် ဩဂုတ် ၅

ပင်လယ်ကွေ့ဒေသမှ အီရန်နှင့်အီရတ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် အီရန်တာဝန်ရှိပုဂ္ဂိုလ်များသည် အမေရိကန်ခန့်အပ်သော အီရတ်အုပ်ချုပ်ရေးကောင်စီနှင့် ဘဂ္ဂဒက်တွင် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးသည်။

ဆက်ဒမ်ဟူစိန်ရာထူးမှ ပြုတ်ကျပြီးနောက် အဆိုပါအဖွဲ့သည် ဘဂ္ဂဒက်သို့ ပထမဆုံးအကြိမ်ဖြစ် အလည်အပတ်လာရောက်သည့်အဖွဲ့ဖြစ်ပြီး အီရန်နိုင်ငံခြားရေးဌာနအောက်ရှိ ပင်လယ်ကွေ့ဒေသ ဌာနဆိုင်ရာ အကြီးအကဲဟူစိန်ဆာဒီကီက ဦးဆောင်လာခြင်းဖြစ်သည်။

အဆိုပါ အီရတ်အုပ်ချုပ်မှုကောင်စီသည် ဇူလိုင်လ ၁၃ ရက်က ပထမအကြိမ်အဖြစ် အစည်းအဝေးကျင်းပခဲ့ရာတွင် အီရန်နိုင်ငံကထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

အင်တာနက်လုပ်ငန်း တရုတ်ဈေးကွက် ကျယ်ပြန့်လာ

ဘေဂျင်း ဩဂုတ် ၅

တရုတ်နိုင်ငံ၏ အင်တာနက်အကြံပေးလုပ်ငန်းနှင့် အဆင့်မြင့်တင်ရေးလုပ်ငန်းဈေးကွက်သည် အာရှ-ပစိဖိတ်ဒေသတွင် အကြီးဆုံးဖြစ်လာကြောင်း အစီရင်ခံစာတစ်ရပ်အရ သိရှိရသည်။ အာရှ-ပစိဖိတ်ဒေသ၌ အင်တာနက်လုပ်ငန်းဈေးကွက်သည် ၁၃ ဘီလျံ ဒေါ်လာတန်ဖိုးရှိပြီး နှစ်စဉ် ၆၀ ရာခိုင်နှုန်းတိုးပွားလာပြီး ၂၀၀၇ ခုနှစ်တွင် ၂၁ ဒသမ ၃ ဘီလျံဖိုးအထိ မြင့်တက်လာနိုင်သည်။

တတိယအကြီးဆုံး

အဆိုပါဈေးကွက်အတွင်း တရုတ်နိုင်ငံ၏ ရှယ်ယာပါဝင်မှုသည် တတိယမြောက်အကြီးဆုံးဖြစ်ပြီး နှစ်စဉ် ၂၆ ရာခိုင်နှုန်းတိုးမြင့်လာကြောင်းနှင့် ၂၀၀၇ ခုနှစ်တွင် ၁ ဘီလျံခန့် ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ တရုတ်ဈေးကွက် ကျယ်ပြန့်လာရခြင်းသည် စီးပွားရေးတိုးတက်လာမှုကြောင့်ဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနက တင်ပြသွားသည်။

စီစီတီဗွီ။

မီးငြိမ်းသတ်

ဘဂ္ဂဒက်မြို့နှင့် လေဆိပ်တို့အား ဆက်သွယ်ထားသည့် လမ်းမပေါ်၌ ဩဂုတ် ၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အရပ်ဘက်သုံးကားတစ်စီး မီးလောင်ခဲ့ရာ အမေရိကန်တပ်သားတစ်ဦးက မီးငြိမ်းသတ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ပသို့ အီရတ်ရေနံတင်ပို့မည့် အစီအစဉ် လာမည့်ရက်ပိုင်းအတွင်း စတင်နိုင်မည်ဟုဆို

နယူးယောက် ဩဂုတ် ၅

အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်က ရေနံပိုက်လိုင်း ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပေါ်ခဲ့သော်လည်း လာမည့်ရက်အနည်းငယ်ကာလအတွင်း ပြည်ပသို့ ရေနံတင်ပို့ရန် စီစဉ်ထားမှုကို ထိခိုက်စေခြင်းမရှိကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က အီရတ်နိုင်ငံရှိ ဘေဂျီရေနံချက်စက်ရုံအနီးတွင် ရေနံပိုက်လိုင်း ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားမှုကြောင့် လာမည့်ရက်အနည်းငယ်အတွင်း အီရတ်မှနေ၍ တူရကီနိုင်ငံသို့ ရေနံပိုက်လိုင်းဖြင့် ရေနံတင်ပို့မှုစတင်မည့်အစီအစဉ် ပျက်စီးနိုင်သည်ဟု ရေနံကုန်သည်များက စိုးရိမ်ပူပန်ခဲ့သည်။

ဈေးနှုန်းလျော့ကျ

သို့ရာတွင် ပြည်ပသို့ရေနံတင်ပို့မည့် အစီအစဉ်ကို သတ်မှတ်ထားသည့်အတိုင်း လုပ်ဆောင်သွားမည်ဟု အမေရိကန်စစ်ဘက်က ပြောကြားလိုက်ရာ ရေနံဈေးနှုန်းများ မြင့်တက်နေမှု တန့်သွားပြီး အနည်းငယ်လျော့ကျမှုဖြစ်ပေါ်လာကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ကျဆင်း

အမေရိကန် နယူးယောက် ရေနံဈေးကွက်တွင် ပြီးခဲ့သည့် သောကြာနေ့က ရက်သတ္တ ခုနစ်ပတ်ကြာမျှ ရေနံဈေး မြင့်တက်နေပြီးနောက် တနင်္လာနေ့တွင် ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ရေနံကုန်သည်များက ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ဆိုင်ရာ လုံခြုံရေးကောင်စီ အစည်းအဝေး ယခုရက်သတ္တပတ်အတွင်း ခေါ်ယူမည်ဟုပြောဆို

ကုလသမဂ္ဂ ဩဂုတ် ၄

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ မေတ္တာရပ်ခံချက်ဖြင့် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကို ယခုရက်သတ္တပတ်အတွင်း ခေါ်ယူကောင်းခေါ်ယူမည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လက်ရှိဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး မီခေးလ်ဝက်ဘေက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ပါဝင်

အစည်းအဝေးအစီအစဉ်တွင် အမေရိကန်နှင့် ဗြိတိန်တို့၏ မေတ္တာရပ်ခံချက် ပါဝင်ကြောင်း၊ ယင်းကိစ္စကို ယခုရက်သတ္တပတ်ကုန်ပိုင်း ကြာသပတေး သို့မဟုတ် သောကြာနေ့တို့တွင် ဖြစ်ကောင်းဖြစ်နိုင်ပြီး၊ ဆွေးနွေးကြမည်ဖြစ်ကြောင်း ဆီးရီးယားသံအမတ်ကြီး မီခေးလ်ဝက်ဘေက သတင်းထောက်များအားပြောကြားသည်။

အခန်းကဏ္ဍ

ယနေ့စောစောပိုင်းက တံခါးပိတ်ဆွေးနွေးစဉ်အတွင်း အီရတ်မှ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို သတ်မှတ်ဖော်ပြသည့် ယခုနှစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ်-၁၄၈၃ ကို အထောက်အထားအဖြစ် ညွှန်းကာ အမေရိကန်နှင့် ဗြိတိန်တို့က အစည်းအဝေးခေါ်ပေးရန် မေတ္တာရပ်ခံခြင်းဖြစ်သည်ဟု သိရသည်။ ***အင်တာနက်။***

အိုဇုန်းလွှာပျက်စီးမှုနှုန်း လျော့ကျမှုမရှိသေး

တိုကျို ဩဂုတ် ၅

ကမ္ဘာ့တောင်ဝင်ရိုးစွန်းပေါ်ရှိ အိုဇုန်းလွှာအတွင်း အပေါက်ပမာဏသည် ၁၂ နှစ်တာကာလ အတွင်းတွင် အသေးငယ်ဆုံးဖြစ်သော်လည်း အိုဇုန်းလွှာပျက်စီးမှုနှုန်း လျော့ကျမှုမတွေ့ရှိရသေးကြောင်း ဂျပန်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ၂၀၀၁ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ကမ္ဘာ့လေထုလွှာရှိ အိုဇုန်းပါဝင်မှုသည် သုံးရာခိုင်နှုန်းလျော့နည်းလာခဲ့ကြောင်း၊ လူများအသုံးပြုထုတ်လုပ်သည့် ဓာတုပစ္စည်းများကြောင့် ယခုကဲ့သို့ ဖြစ်ပွားရကြောင်း အင်န်အိပ်ချ်ကေ သတင်းဌာနက တင်ပြသွားသည်။

အင်န်အိပ်ချ်ကေ။



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် အပူရှိန်မြင့်မားမှုကြောင့် ရေရှားပါးလျက်ရှိရာ ကလေးငယ်များ ရေသယ်နေကြသည်ကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။ (အာဖဂန်နစ္စတန် ပညာရေးဝန်ကြီးဌာနသည် အပူရှိန် မြင့်တက်နေသည့်အတွက် မူလတန်းနှင့် အလယ်တန်းကျောင်းများ ရက်သတ္တနှစ်ပတ် ကျောင်းအားရက်ပေးရန် ဆုံးဖြတ်ခဲ့သည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

အိုလံပစ်ပွဲပြင်ဆင်မှု တရုတ် အရှိန်မြှင့် ပွဲတော်အထိမ်းအမှတ်တံဆိပ် ပြသပွဲကျင်းပ

ဘေဂျင်း ဩဂုတ် ၅

၂၀၀၈ ခုနှစ် (၂၉) ကြိမ်မြောက် နွေရာသီ အိုလံပစ် ပွဲတော်ကို တရုတ်နိုင်ငံ ဘေဂျင်းတွင် ကျင်းပခွင့်ရရှိခဲ့ရာ အိုလံပစ် ပွဲတော် အတွက်ကြိုတင်ပြင်ဆင်မှု တစ်ရပ်အနေဖြင့် ပွဲတော် အထိမ်းအမှတ်တံဆိပ်ကို ယမန်နေ့က အခမ်းအနားဖြင့် ဖွင့်လှစ် ပြသခဲ့သည်။

တရုတ် ဒါရိုက်တာ ကျန်ယီမူ၏ တရုတ်ရိုးရာ ဒီဇိုင်းများဖြင့် ခမ်းနား သိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းသည် တရုတ်နိုင်ငံ၏ အိုလံပစ်ပွဲတော်ကို အလေးထားမှု ပေါ်လွင်စေခဲ့သည်။ တရုတ်နိုင်ငံက ရွေးချယ်လိုက်သည့် ဒီဇိုင်းကို dancing Beijing အမည် ပေးထားပြီး အဆိုပါ ဒီဇိုင်းကြောင့် အိုလံပစ်ပွဲတော်ဆိုင်ရာ ဈေးကွက် ကျယ်ပြန့်လာနိုင်မည်ဟု တာဝန်ရှိသူများက မျှော်လင့်ထားသည်။ အိုလံပစ်ဒီဇိုင်းဆိုင်ရာ ပစ္စည်းများကြောင့် ဝင်ငွေဒေါ်လာသန်း ၂၀၀ ရရှိနိုင်ကြောင်းနှင့် ယင်းအတွက် ရုပ်သံထုတ်လွှင့်မှု ဆိုင်ရာ ကန်ထရိုက်များလည်း ရရှိ ထားသည်။

စီအင်န်အင်န်။

ကမ်းမမြင် လမ်းမမြင် (၇)

ခင်ညို

ကိုးလေးလုံးအထိမ်းအမှတ် ပြင်းထန်သည့်လှုပ်ရှားမှုတစ်ရပ် အကောင်အထည်ဖော်ရန်အတွက် ပဲခူးမြို့မှ စတင်ရန် မဲဆောက်တွင်ရောက်နေသည့် ပဲခူးသားသိန်းဝင်းနှင့် NLD ပြည်ပြေးအဖွဲ့၊ KNU,ABSDF,CRDB နှင့် NCGUB အဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထိုဆန့်ကျင်ဘက်အဖွဲ့အစည်းများအားလုံးက **ကိုးလေးလုံးကော်မတီ**ကို ဖွဲ့စည်းခဲ့ပြီး ပြည်တွင်းရှိ သောင်းကျန်းသူလက်ကျန်များ၊ နယ်စပ်ဒေသရှိအကြွင်းအကျန် သောင်းကျန်းသူများ၊ ဗကပလက်ကျန်များ၊ NLD ပါတီဝင်များနှင့် ဆက်သွယ်ချိတ်ဆက်ပြီး လှုပ်ရှားမှုများကို အစပျိုးလာခဲ့ကြသည်။

ဒေါ်စုကြည်နှင့် NLDအဖွဲ့ကလည်း ၎င်းတို့ဘာသာ လွှတ်တော်ခေါ်ယူ၍ မရမှန်းသိလာသည့်အတွက် ၁၉၉၈ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီအမည်ခံဆယ်ဦးဂိုဏ်းကို ဖွဲ့စည်းခဲ့ကြသည်။ ထိုကော်မတီဖွဲ့စည်းပြီးနောက် ပြည်တွင်းက တောင်းဆိုမှုများ ကျယ်ကျယ်လောင်လောင်လုပ်ခဲ့သည့်နည်းတူ ပြည်ပကလည်း နည်းမျိုးစုံဖြင့် လှုံ့ဆော်မှုများဆောင်ရွက်လာခဲ့သည်။ ကိုးလေးလုံးအထိမ်းအမှတ်အဖြစ် ဟန်ချက် ညီလုပ်ဆောင်ခဲ့ခြင်းများဖြစ်ကြောင်းသုံးသပ်တွေ့ရှိရသည်။ သို့သော် အထင်နှင့်အသွင် တကက်တက်စင်အောင်လွဲကာ ကိုးလေးလုံး အထိမ်းအမှတ် ဆူပူအုံကြွမှု တစ်စုံတစ်ရာမဖြစ်ခဲ့ပေ။

NLD ပါတီနှင့်အတူ ဆန့်ကျင်ဘက်အဖွဲ့အစည်းအသီးသီးတို့က ပြည်တွင်းပြည်ပအချိတ်အဆက်မိမိ လှုံ့ဆော်ဆန့်ကျင်မှုများ ပြုလုပ်နေချိန်မှာပင် မီးလောင်ရာလေပင့်ဆိုသလို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် နိုင်ငံတကာ ဘာသာရေးလွတ်လပ်မှုဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ထိုးနှက်မှုများဖော်ပြကာ အချိန်ကိုက်ဖြန့်ဝေလာခဲ့သည်။

ထိုအစီရင်ခံစာတွင် မြန်မာအစိုးရအနေဖြင့် လူမျိုးစုငယ်များ နေထိုင်သည့်ဒေသများ၌ ဗုဒ္ဓဘာသာပြန့်ပွားရေးကို အပြင်းအထန်ဆောင်ရွက်နေသည့်အကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သူများအနေဖြင့် မြန်မာနိုင်ငံတွင် အထူးအခွင့်အရေးများရနေကြောင်း၊ အစိုးရအနေဖြင့် အခြားဘာသာရေးအဖွဲ့အစည်းများ၏ လှုပ်ရှားမှုကိုစောင့်ကြည့်ကန့်သတ်မှုများ ဆောင်ရွက်နေကြောင်း ဖော်ပြခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသည့် အမေရိကန်ကုမ္ပဏီများကို တားဆီးရေး၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးမြှင့်တင်မှုကို ပိတ်ပင်ရေး၊ မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် မိသားစုများကို အမေရိကန်ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ရေး၊ အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် အသစ်ထပ်မံပြီးသွားရောက် ရင်းနှီးမြှုပ်နှံမှုမရှိစေရန် ပိတ်ပင်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးက ပေးအပ်မည့်အကူအညီများကို ကန့်ကွက်ရေး၊ ၁၉၉၉ ခုနှစ် ဇွန်လတွင်ပြုလုပ်မည့် ILO ညီလာခံတွင် မြန်မာနိုင်ငံမပါဝင်ရန် တားဆီးရေးတို့ကို ဖော်ပြထားသည်။ ဤသည်ကား အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် ချိန်ကိုက်ထိုးနှက်မှု တစ်ခုသာ ဖြစ်သည်။

ဗြိတိသျှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Derek Fatchett ကလည်း တစ်ခန်း ထလာပြန်သည်။ ၎င်းက မြန်မာနိုင်ငံကို ILO အဖွဲ့မှ ဖယ်ရှားရေးနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းပယ်ရေးကို ဦးဆောင် ကြိုးပမ်းမည်ဟု ကြေညာချက်များ ထုတ်ပြန်လာပြန်သည်။ ထိုသို့သော ကြေညာချက်များနှင့် ချိန်ကိုက်ထုတ်ဝေသည့် NLD ဆယ်ဦးဂိုဏ်း၏ ကြေညာချက်များကို လေ့လာကြည့်လိုက်လျှင်လည်း မြန်မာနိုင်ငံဒေသအသီးသီး၌ အတင်းအကျပ်စေခိုင်းမှုများ၊ အဓမ္မလုပ်အားပေးမှုများ ရှိနေကြောင်း၊ အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးနေကြောင်း၊ ကလေးအလုပ်သမား၊ ကလေးစစ်မှုထမ်းများရှိနေကြောင်းတို့ကို လုပ်ကြံပုံကြီးချဲ့ ဖော်ပြထားကြောင်း တွေ့ရမည်ဖြစ်သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ပြည်တွင်းမှ NLD အနေဖြင့် ပြည်ပနိုင်ငံကြီးအချို့နှင့်ပါ လက်ဝါးချင်းရိုက်ပြီး ညှိနှိုင်းလုပ်ဆောင်နေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ (၂)နှစ်မြောက်အခမ်းအနားပြုလုပ်ပြီး နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသည့် **အမျိုးသားညီလာခံကို ကာကွယ်သည့် ဥပဒေ** အမှတ်(၅/၉၆)ကို ပြောင်ပြောင်တင်းတင်းစိန်ခေါ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၎င်းတို့ပါတီဘာသာ ရေးဆွဲမည့်အကြောင်း ကြေညာခဲ့ပြန်သည်။

ထိုအခမ်းအနားအပြီး စက်တင်ဘာလ ၂၁ ရက်နေ့တွင် **ဒေါ်စုကြည်**၊ ဦးတင်ဦးနှင့် ဦးလှဖေတို့ ခေါင်းဆောင်၍ NLD လူငယ် ၅၀၀ ကျော်တို့သည် မန္တလေးသို့သွားရန်ဟူသော အကြောင်းပြချက်ဖြင့် ရန်ကုန်ဘူတာကြီးတွင် လက်မှတ်လာဝယ်ခဲ့ကြသည်။ ၎င်းတို့အုပ်စုသည် လက်မှတ်ကုန်နေသော်ငြားလည်း ရထားထွက်ချိန်ကျော်လွန်သည်အထိ ဘူတာကြီးမှ ပြန်လည်မထွက်ခွာဘဲ ဆန္ဒပြသည့်သဘောဖြင့်တမင်သက်သက်ပေကတ်ရပ်နေခဲ့ကြသည်။ ထို့ကြောင့် သက်ဆိုင်ရာက လူငယ်များကိုထိန်းသိမ်းပြီး လူကြီးများကို နေအိမ်သို့ ပြန်ပို့ပေးခဲ့ရသည်။ တစ်ဆက်တည်းဆိုသလိုပင် စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ NLD ဗဟိုအလုပ်အမှုဆောင် အားလုံးကို နေအိမ်ပြင်ပသို့ ထွက်ခွာခွင့်မပေးဘဲ တားမြစ်ထားခဲ့သည်။

ထို့နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ပြဿနာများပြေလည်အောင် တွေ့ဆုံဆွေးနွေးရေး လုပ်သင့်သည် ဆိုသောသဘောထားတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ထိုသဘောထားအပေါ် အခြေခံ၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ မေတ္တာရပ်ခံချက်အရ အထူးကိုယ်စားလှယ် Mr. Razali Ismail ကို မြန်မာနိုင်ငံသို့ လာရောက်ခွင့်ပြုခဲ့သည်။ Mr. Razali အနေဖြင့် ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၉ ရက်နေ့မှ ယနေ့အထိ မြန်မာနိုင်ငံသို့(၁၀)ကြိမ် လာရောက်ပြီးဖြစ်သည်။ ဤနေရာတွင် အချို့အကဲခတ်သမားများက Mr. Razali ၏ အခန်းကဏ္ဍကို တစ်မျိုးတစ်ဖုံ နားလည်နေကြသည်။ အမှန်တွင်ကား Mr. Razali ပြော၍ တွေ့ဆုံဆွေးနွေးရေး လုပ်ခဲ့ခြင်းမဟုတ်။ မိမိတို့၏ ပြည်တွင်းရေးကို မိမိတို့ဘာသာ ညှိနှိုင်းဖြေရှင်းမည်ဟူသော ရပ်တည်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်။ Mr. Razaliမှာ နှစ်ဖက်ကြား ထိတွေ့ဆက်ဆံခွင့်ရရှိထားပြီး တပ်မတော်အစိုးရ၏ သဘောထားနှင့် NLD ၏ သဘောထားကို သိရှိစေခဲ့သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် မိမိတို့နိုင်ငံအတွက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ တိုးတက်စေရေး၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးများ ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် **ဒေါ်စုကြည်**ကို သွေးသားရင်းချာ မောင်နှမရင်းပမာ သဘောထား၍ လက်ခံတွေ့ဆုံခဲ့သည်ကို ကြားသိမြင်တွေ့ခဲ့ရသည်။ ထို့ပြင် တစ်ဖက်နှင့်တစ်ဖက် ပြဿနာဖြစ်နေမည့်အစား ပြေပြေလည်လည်ဖြစ်စေရန် ဝန်ကြီးတစ်ဦး ဦးဆောင်သည့်အဖွဲ့နှင့် **ဒေါ်စုကြည်**၏ NLDအဖွဲ့ တွေ့ဆုံမှုများ ပြုလုပ်ပြီး Contact Machanism တစ်ခု ဖန်တီးခဲ့ကြသည်။

၂၀၀၂ခုနှစ် မေလ ၆ ရက်နေ့မှစ၍ **ဒေါ်စုကြည်**ကို နေအိမ်ပြင်ပသို့ လွတ်လပ်စွာ သွားလာခွင့်များပေးခဲ့သည်။ ထိုက်သင့်သည့် ပါတီလှုပ်ရှားမှုအဖြစ်လည်း အကန့်အသတ်ဖြင့် ဆိုင်းဘုတ်တင်၊ ရုံးခန်းဖွင့်လှစ်ခွင့်၊ ပါတီဖွဲ့စည်းခွင့်များ ပေးခဲ့သည့်သာမက **ဒေါ်စုကြည်**ကိုလည်း ပါတီစည်းရုံးရေး လုပ်ငန်းများ လုပ်နိုင်ရန် နယ်များသို့သွားလာခွင့်ပြုခဲ့သည်။

အဆိုပါ နယ်ခရီးစဉ်များ၌ နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းများကိုလည်း လေ့လာခွင့် ပြုခဲ့သည်။ **ဒေါ်စုကြည်**အနေဖြင့် မြန်မာပြည် တစ်နံတစ်လျားသို့ ခြေဆန့်သွားခဲ့ပြီးဖြစ်သည်။ အစပိုင်းခရီး စဉ်များတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက **ဒေါ်စုကြည်**နှင့် အဖွဲ့ကို စီမံကိန်းလုပ်ငန်း အသီးသီးအား လေ့လာနိုင်ရန် စီစဉ်ပေးခဲ့သည်။ ရည်ရွယ်ချက်ကား အထူးပြောဖွယ်ရာမလို။ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ စနစ်တကျ အကောင်အထည်ဖော်မှုများကို ပကတိအတိုင်း ရှုမြင်နိုင်ပြီး ပူးပေါင်းအကောင်အထည်ဖော် လက်တွဲဆောင်ရွက် လာနိုင်အောင် တံခါးဖွင့် လမ်းခင်းပေးခဲ့ခြင်းဖြစ်သည်။

သို့သော်

ဒေါ်စုကြည်သည် အစပိုင်းလောက်မျှပင် အပြုသဘောဆောင်သယောင်ဟန်ရေးပြခဲ့ပြီး မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် ခရီးစဉ်များမှစ၍ ဒုံရင်းဒုံရင်းအတိုင်း နိုင်ငံတော်အစိုးရ၏ အားနည်းချက်ကိုရှာကာ တစ်စိတ်ကို တစ်အိတ်လုပ်ခဲ့သည့် ချဲ့ကားသရော် ဝေဖန်ပုတ်ခတ်မှုများ ပြုလုပ်လာခဲ့သည်။ နောက်ပိုင်းခရီးစဉ်များတွင်မူ ဇာတ်ရှိန်မြှင့်ကာ ပြင်းပြင်းထန်ထန် ဝေဖန်ထိုးနှက် အမြတ်ထုတ်သည့် လုပ်ရပ်များကိုပါ ဆောင်ရွက်လာခဲ့သည်။

တစ်ပိုင်းကလည်း သက်ဆိုင်ရာများနှင့် ပုံမှန်တွေ့ဆုံနေမှုအပေါ် ယုံကြည်မှု တည်ဆောက်သည့် အဆင့်သာဖြစ်ကြောင်း၊ Political Dialogue မဟုတ်ကြောင်း၊ Political Dialogue လုပ်ရမည့်အကြောင်း၊ အရေးယူဖမ်းဆီးခြင်းခံထားရသူပါတီဝင်များကို ခြွင်းချက်မရှိ (တစ်ယောက်မကျန်) လွှတ်ပေးရမည့်အကြောင်း၊ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရမည့်အကြောင်း၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ပိတ်ဆို့အရေးယူမှုများကို တွေ့ဆုံဆွေးနွေးပွဲ မလုပ်မချင်း NLD၏ သဘောထားမပြောင်းလဲကြောင်းစသည်ဖြင့် သံတမန်များနှင့် သတင်းဌာနများကို ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုခဲ့ပြန်သည်။

ဒေါ်စုကြည်၏ လေသံအပျော့အတင်းနှင့် လှုပ်ရှားမှု ရေချိန်ကိုလိုက်၍ ပြည်ပရောက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ သောင်းကျန်းသူ အဖွဲ့အစည်းများကလည်း ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ဆန္ဒပြပွဲများဆောင်ရွက်ရန် ထောင်ထွက်များနှင့် ဆန့်ကျင်ဘက်အရောင်အသွေးရှိသူများကို စည်းရုံးသိမ်းသွင်း၍ နယ်စပ်သို့ခေါ်ထုတ်နိုင်အောင်၊ နိုင်ငံ့အကြီးအကဲများကို လုပ်ကြံသတ်ဖြတ်နိုင်အောင် ပြည်တွင်းသို့ အမာခံများ စေလွှတ်ခဲ့ကြသည်။

ထိုသို့ စေလွှတ်လိုက်သူများထဲမှ သက်နွယ်(ခ)ငြိမ်းလူနှင့် အဖွဲ့ကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ထိုအဖွဲ့မှာ အင်းစိန် ထောင်ရှေ့တွင် ဖောက်ခွဲဖျက်ဆီးရေးလုပ်မည့်အဖွဲ့ဖြစ်သည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ကလည်း မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြရန် ဝင်ရောက်လာခဲ့သော အယောင်ဆောင် သီလရှင်ဝတ်နှစ်ပါးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ မန္တလေး NLD ပါတီအချို့ ပြုလုပ်ထားသည့် ကြေးသွန်းခမောက်ကို ရန်ကုန်သယ်ယူတာ အကြောင်းပြပြီး ဆူပူမှုပြုလုပ်ရန် အစီအစဉ်များအား ဟန့်တားနိုင်ခဲ့သည်။

ပြည်ပြေးအဖွဲ့အစည်းများနှင့် သောင်းကျန်းသူအဖွဲ့အစည်းများထံမှ အထောက်အပံ့များ ရယူကာ ပြည်တွင်း၌ ဆန့်ကျင်လှုပ်ရှားမှု ဆောင်ရွက်ရန် ကြိုးစားခဲ့သည်။ ခင်ဝင်း(ခ)ဘိုးတော်နှင့်အဖွဲ့ကိုလည်း ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ပြည်ပရောက် ဆန့်ကျင်အုပ်စုများ၊ သောင်းကျန်းသူများအနေဖြင့် ပြည်တွင်း၌ ဆူပူမှုများ ပေါ်ပေါက်အောင် ထိုသို့စေလွှတ်မှုများ ဆောင်ရွက်ခဲ့သည့်နည်းတူ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်များလည်း ရှိခဲ့သည်။ အမေရိကန် သံရုံးရှေ့နှင့် ဗိုလ်ဆွန်ပက်လမ်း အမှိုက်ပုံဗုံးပေါက်ကွဲမှုများ၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းအနီး လျှပ်စစ်တာဝါတိုင် ဖောက်ခွဲဖျက်ဆီးခံရမှု၊ ဖြူးမြို့ ရုပ်ရှင်ရုံတွင် ချိန်ကိုက်ဗုံးပေါက်ကွဲမှု၊ တာချီလိတ်မြို့တွင် ဗုံးပေါက်ကွဲမှုများက သက်သေခံနေပေသည်။

၁၉၈၉မှ ၂၀၀၁ ခုနှစ်အတွင်း **ဒေါ်စုကြည်**ကို ပင်တိုင်ထား၍ နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်နေကြသော ပြည်ပြေးသောင်းကျန်းသူများသည် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံနှင့် အင်အားကြီးနိုင်ငံအချို့ကို ဆရာတင်ကာ နိုင်ငံတော်အစိုးရအပေါ် ဘက်ပေါင်းစုံမှ ဖိအားပေးခြိမ်းခြောက်ကာ စစ်ရေးအရ ကျူးကျော်သည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်များလည်း ရှိခဲ့သည်။

မကြာမီလပိုင်းအတွင်းကလည်း အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ အရေးပေါ်အခြေအနေတစ်ရပ် ကြေညာချက်ပေါ်ထွက်လာခဲ့သည်။ ထိုကြေညာချက်တွင် မြန်မာနိုင်ငံကို ၎င်းတို့၏ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေး မူဝါဒတို့အတွက် အန္တရာယ်ရှိနေကြောင်း ဖော်ပြခဲ့သည့်နည်းတူ မြန်မာနိုင်ငံအပေါ် ကျင့်သုံးနေသော ပိတ်ဆို့ အရေးယူမှုများကိုလည်း ဆက်လက်ကျင့်သုံးခဲ့ကြပြန်သည်။ မြန်မာနိုင်ငံ၏ ရပ်တည်ချက်အပေါ် အင်အားကြီးနိုင်ငံအချို့၏ ဖိအားပေးမှုများက ပို၍ပြင်းထန်လာနေသည်မှာ အမှန်ပင်ဖြစ်သည်။

ဤသို့သော အခြေအနေများတွင် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသတွင် ကြွင်းကျန်နေသေးသော ဗကပအနွယ်များနှင့် မျိုးဆက်သစ်(ယူဂျီ)များ၊ နယ်စပ်ဒေသအသီးသီးတွင် ခိုလှုံနေကြသော ပြည်ပြေးများ၊ သောင်းကျန်းသူအဖွဲ့အစည်းများက **လူထုတိုက်ပွဲစီမံချက်** တစ်ခုကိုရေးဆွဲကာ လှုပ်ရှားမှုများ စတင်ဆောင်ရွက်လာခဲ့သည်။ အဆိုပါ **လူထုတိုက်ပွဲစီမံချက်** ဟူသည်ကား အခြားမဟုတ် ဒေါ်စုကြည်နှင့် NLD ပါတီနိုင်ငံရေးအားသာချက် ရရှိရေးအတွက် တည်ဆဲအစိုးရ အကျပ်အတည်းတွေ့စေရန် နိုင်ငံရေး၊ စစ်ရေးနည်းများဖြင့် ဆူပူအုံကြွမှုများ ပေါ်ပေါက်လာစေရေး အစီအမံအခင်းအကျင်းတစ်ခုသာလျှင်ဖြစ်သည်။ ထိုစီမံချက်ပါ လုပ်နည်းကိုင်နည်းများသည် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်နေသည်မှာ တိုက်ဆိုင်မှု သက်သက်မဟုတ်ပေ။

တည်ငြိမ်အေးချမ်းနေသော နိုင်ငံတော်၏ ပကတိအခြေအနေများကိုဆူပူအုံကြွမှုများ ပေါ်ပေါက်အောင် ဖန်တီး၍ လူတစ်ယောက်၊ လူတစ်စု လက်တွင်းသို့ နိုင်ငံတော်အာဏာရောက်ရှိစေခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ရှင်သန်ထွန်းကားလာနိုင်မည်မဟုတ်ပေ။ စစ်မှန်သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် စည်းကမ်းနှင့် နည်းလမ်းသည် ကာလ၊ ဒေသ၊ အခြေအနေတို့အပေါ် တည်မှီဖြစ်တည်လျက်ရှိသည်။

စာရေးသူနားလည်ထားသော ဒီမိုကရေစီဆိုသည်မှာ လူထုက ရွေးချယ်တင်မြှောက်သော အစိုးရ (By the People)ဖြစ်ရုံမျှနှင့် မပြီးသေးဘဲ ပြည်သူလူထု အကျိုးအတွက် ဦးထိပ်ထားဆောင်ရွက်မှု (For the People)ရှိပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်နိုင်မှသာ ဒီမိုကရေစီ၏ အနှစ်သာရ ခိုင်မာမှန်ကန်မည် ဖြစ်သည်။

နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို သယ်ပိုးရန်အတွက်ဖြစ်စေ၊ ဒီမိုကရေစီကို ဖော်ဆောင်ရန် အတွက်ဖြစ်စေ စည်းကမ်းမကျ၊ နည်းလမ်းမမှန်ဘဲ **ကမ်းမမြင်၊ လမ်းမမြင်**နှင့် ထင်ရာစိုင်းကာ ခိုင်းစေရာအတိုင်း ဝရုန်းသုန်းကားလုပ်၍ အရာရာကို ထိပ်တိုက်ရင်ဆိုင် အကျပ်ကိုင်နေမည်ဆိုပါက အသွင်ကူးပြောင်းရေးဟူသည် ပို၍ပို၍သာ ကြာမြင့်ပေလိမ့်မည်တည်း။ ။

သွေးလွန်တုပ်ကွေး ကာကွယ်ရေးစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကိုလေး ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ လိုက်ပါလျက် ဩဂုတ် ၅ ရက် နံနက်က အင်းစိန်မြို့နယ် မြို့သစ် (က-ခ) ရပ်ကွက် က-၃ လမ်းနှင့် က-၄ လမ်းတွင် လူထုလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်ကြသည့် သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်။

(က-ဝ)

မေတ္တာအခါတော်နေ့ ဘေးမဲ့လွှတ်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ ဇီဝဠာယီအဖွဲ့၏ ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့) အထိမ်းအမှတ် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီတွင် အမှတ်(၉) ကြားတောရလမ်း၊ ကြားတောရရပ်ကွက် ဗဟန်းတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ နယ်အဖွဲ့ဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ

ဦးသောင်းဝင်း (ယဉ်ကျေးမှု)

(က)

တူရိယာပစ္စည်းများနှင့် ပတ်သက်၍ ရှေးဦးဆုံး သတိပြုမိသည်မှာ ဘုရားလောင်း သန္ဓေယူတော်မူသည့်အခါ ပုဗ္ဗနိမိတ် ထင်ရှားဖြစ်ရာတွင် လူပြည်၊ နတ်ပြည်၌ ရှိကုန်သော စည်၊ စောင်း၊ ပတ်သာ တူရိယာ အသီးသီးတို့သည် မတီးမှုတ်ဘဲ မြည်ကုန်သည်ဟု ဇိနတ္ထပကာသနီကျမ်းမှာ ဖော်ပြပါရှိသည်။ မြန်မာ့သမိုင်းကြောင်းတွင် ပျူခေတ်၊ သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိသည့် ကြေးရုပ် ငါးရုပ်မှာ ဗုံတီးနေသည့် အရုပ်၊ ပလွေမှုတ်နေသည့် အရုပ်၊ ခွက်ခွင်းတီးနေသည့် အရုပ်များပါရှိသည်။ ပျူခေတ်သည် အနုပညာဂီတထွန်းကားနေပြီဖြစ်ကြောင်း သက်သေထင်ရှားနေပေပြီ။ ပျူခေတ်တွင် ဂီတအနုပညာအဖွဲ့ တရုတ်ပြည်သို့ သွားရောက်ဖြေဖျော်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာ အထောက်အထားများလည်း ပါရှိသည်။ တရုတ်နိုင်ငံသို့ ပျူမင်းသား သုနန္ဒ၊ အမတ်ကြီး နကျကုဋ္ဌနှင့် မဟာသေနတို့ ခေါင်းဆောင်သော ပညာရှင် ၃၅ ဦးပါဝင်သည့် ပျူသံအဖွဲ့သည် ခရစ်နှစ် ၈၀၂ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ထိုပျူသံအဖွဲ့တွင် ဂီတနှင့်အက အဖွဲ့ပါရှိခဲ့ရာ ပျူဂီတအဖွဲ့တွင် ပျူတူရိယာ ၂၂ မျိုး ပါရှိကြောင်း တန်မင်းဆက် မှတ်တမ်းက ဆိုပေသည်။ မြန်မာတို့ ကိုယ်ထီးကိုယ့်နန်းနှင့် အုပ်စိုးသည့်ကာလတွင် တူရိယာများနှင့် တီးခတ်ဖြေဖျော်မှုများရှိခဲ့ကြောင်း ပုဂံခေတ်နံရံပန်းချီများကလည်း ဖော်ညွှန်းလျက်ရှိပေသည်။

တောင်ငူခေတ်၌ မင်းတရားရွှေထီးသည် ဘုရင့်နောင်ကျော်ထင်နော်ရထာကို ချီးမြှင့်မြှောက်စားရာတွင် အခြားသော အဆောင်အယောင်များနှင့်တကွ စည်ကိုးလုံး၊ ငွေနှဲနှင့် ငွေခရာငါးစင်း ပေးတော်မူခဲ့ကြောင်း မှန်နန်းရာဇဝင် ဒုတိယတွဲတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

(ခ)

၂၄-၆-၂၀၀၃ ရက်နေ့ အမျိုးသားပြတိုက်တွင်ကျင်းပသော မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ ကျင်းပရေးကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က အမှာစကားပြောကြားရာတွင် "တူရိယာများနှင့် ပတ်သက်၍ မြန်မာတိုင်းရင်းသား မျိုးနွယ်စုများလိုက် အစဉ်အဆက် သုံးစွဲခဲ့သည့် ရိုးရာတူရိယာများတွင် အချို့ပျောက်ကွယ်သွားသည်များရှိကြောင်း၊ မျိုးဆက်သစ်များသည် အသံသာကြားဖူးပြီး မမြင်ဖူးတာတွေရှိကြောင်း၊ အပြင်တွင် သုံးတာမတွေ့ရသဖြင့် လူထုနှင့်ကင်းကွာလာကြောင်း၊ အစဉ်အလာအရ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် အုပ်စုအလိုက် ရှေးက မြန်မာတိုင်းရင်းသားများ တီထွင်အသုံးပြုခဲ့ကြောင်း၊ ယခုအခါ တိုင်းတစ်ပါးမှ တူရိယာပစ္စည်းများ အစားထိုးဝင်ရောက်လာကြောင်း၊ ရိုးရာအနုပညာ မတိမ်ကောရေးအတွက် အဘက်ဘက်မှကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရာတွင် အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ခံယူထားရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်များအား အစဉ်အလာ မြန်မာ့တူရိယာများဖြင့် မိတ်ဆက်ပေးသည့်အနေနှင့် ဤပြပွဲကို ခင်းကျင်းပြသရခြင်းဖြစ်ကြောင်း၊ ဤပြပွဲကို လာရောက်ကြည့်ရှုခြင်းဖြင့် လူငယ်များသည် မိမိတို့၏ ယဉ်ကျေးမှု မည်မျှအဆင့်အတန်း မြင့်မားခဲ့သည်။ မည်မျှဩဇာညောင်းခဲ့သည်ကို ဤပြပွဲမှတစ်ဆင့် ထုတ်ဖော်သိရှိခွင့်ရမှာဖြစ်ကြောင်း၊ မြန်မာ့ဆိုင်းပညာ၏ အစွမ်းကိုလည်း ပြပွဲတွင် လက်တွေ့ပြသမည်ဖြစ်ကြောင်း၊ ဧကာဒသမ အကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုအားပေးလှူဆောင်သည့်အနေဖြင့် မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကြီးကို စီစဉ်ခင်းကျင်းပြသခြင်းဖြစ်ကြောင်း" စသည်ဖြင့် ထုတ်ဖော်ပြောကြားခဲ့ပေသည်။

မြန်မာ့ရိုးရာတူရိယာ ပစ္စည်းများပြပွဲကြီးကို ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်မြို့ အမှတ်(၆၆/၇၄) ပြည်လမ်း ဒဂုံမြို့နယ် အမျိုးသားပြတိုက် ဘက်စုံခန်းမတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။

ပြပွဲကြီး၏ အဓိကဦးတည်ချက်များမှာ-

(၁) မြန်မာ့ရိုးရာတူရိယာပစ္စည်းများကို မျိုးဆက်သစ် လူငယ်လူရွယ်များ ကြည့်ရှုလေ့လာနိုင်ကြစေရန်၊

(၂) မြန်မာ့ရိုးရာတူရိယာပစ္စည်းများ တီးခတ်အသုံးပြု ပုံကို လေ့လာသိရှိနိုင်ကြစေရန်၊

(၃) တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းများကို တစ်နေရာတည်းတွင် စုစည်းပြသ ကြည့်ရှုလေ့လာနိုင်ကြစေရန်၊

(၄) ဧကာဒသမအကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုအားပေးလှူဆောင်မှုပြုရန် ဟူ၍ဖြစ်ပါသည်။

(ဂ)

တူရိယာငါးပါးဟူသည်မှာ ကြေးဖြင့်ပြုလုပ်အပ်သော တူရိယာမျိုး(ကြေး)၊ ကြိုးတပ်တူရိယာမျိုး(ကြိုး)၊ သားရေဖြင့် ပြုလုပ်အပ်သော တူရိယာမျိုး(သားရေ)၊ အခေါင်းရှိ၍ မှုတ်အပ်သော တူရိယာမျိုး(လေ)၊ စည်းဝါးလိုက်ရသော တူရိယာမျိုး(လက်ခုပ်)တို့ကို ခေါ်ဝေါ်ကြပါသည်။ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူ၍ ဖြစ်သည်။

မြန်မာတူရိယာ သံစဉ်ခုနစ်မျိုးတို့မှာ မဇ္ဈိမ-ကြိုးကြာမြည်သံ၊ ဂန္ဓာရ- ဆိတ်မြည်သံ၊ ဉသဘ- နွားလားအသံ၊ ပဥ္စမ-ဥဩတွန်သံ၊ ဆဇ္ဇ-ဥဒေါင်းတွန်သံ၊ ဓေဝတ-မြင်းဟီသံ၊ နိသာဒ-ဆင်အော်သံတို့ဖြစ်ပါသည်။ ထို့အပြင်"အသံသာယာ၊ တူရိယာမှာ၊ ဦးစွာညှင်းလုံး၊ တနန်းအောက်ပြန်၊ တစ်ဖန်ပုလဲ၊ မြင်းစိုင်းကွဲမူ၊ ဒူရကဒွေး၊ ခေါ်ရေးထိုနောက်၊ ခြောက်သွယ်အညွှန့်၊ ကွန့်မြူးတစ်ဖန်၊ ပြည်တော်ပြန်ဟု၊ မှတ်ရန်အခြား၊ သံစဉ်ခုနစ်ပါးကို၊ သိကြားလွယ်ကူစေသတည်း"ဟူ၍ စောင်းဝေါဟာရလည်း ရှိပါသည်။

ပြည်ထောင်စု မြန်မာတိုင်းရင်းသားတို့တွင်လည်း ရိုးရာတူရိယာများရှိကြပါသည်။ ကချင်လူမျိုးတွင် မနောစည်၊ ဘင်ဂျို၊ ကယားလူမျိုးတွင် ဖားစည်၊ ဝါးဂီတာ၊ တွဲပလွေ၊ ကရင်လူမျိုးတွင် မင်္ဂလာဖားစည်၊ ကရင်စောင်းကောက်၊ ဗျပ်စောင်း၊ သံစုံပလွေ၊ ဝါးစောင်း၊ ချင်းလူမျိုးတွင် ချင်းတယော၊ မွန်တွင် မိချောင်းတူရိယာ၊ ထောင်တယော၊ အုန်းမှုတ်တယော၊ ကျည်တောက် တယော၊ ကြိုးသုံးချောင်းတပ် တူရိယာ၊ ဝါးပလွေကြီး၊ ရခိုင်လူမျိုးတွင် မင်္ဂလာဗြောစည်၊ ရှမ်းလူမျိုးတွင် ရှမ်းအိုးစည် စသည်ဖြင့် တူရိယာအမျိုးမျိုး ရှိနေကြပါသည်။ အဆိုပါ တိုင်းရင်းသား ရိုးရာတူရိယာများမှ ရှားပါးတိမ်မြုပ်နေသည့် ရိုးရာတူရိယာအမျိုးမျိုးကို ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရန်အတွက် ယခုကဲ့သို့ တူရိယာပြပွဲကြီးကို စီစဉ်ရခြင်းဖြစ်ပါသည်။

မြန်မာဆိုင်းဝိုင်းသည် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဂီတတူရိယာသံစုံတီးဝိုင်းကြီး ဖြစ်ပါသည်။ နိုင်ငံရပ်ခြား လူမျိုးများကပါ အံ့ဩကြရသည်။ ကျေးလက်သုံး တူရိယာများသည်လည်း ဒေသအလိုက်ရှိနေကြပါသည်။ ဥပမာ-ရွှေဘိုဗုံကြီးသံ၊ မခေါက်ဗြော၊ မိုးဗာဗြောစသည်တို့မှာ အထင်အရှားဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဧကာဒသမအကြိမ်မြောက်အဖြစ် ကျင်းပတော့မည် ဖြစ်ပါသည်။ ဤသည်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုများ မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်စေခြင်းမျိုးပင် မဟုတ်လော။

(ဃ)

ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုတက္ကသိုလ်များ၊ ပန်းချီကျောင်းများတွင် ဂီတပညာ ရပ်ကိုထည့်သွင်းထားရှိပြီး အခြေခံတူရိယာများကို တီးခတ်တတ်အောင် စနစ်တကျ လေ့ကျင့်သင်ကြား ထိန်းသိမ်းပေးလျက်ရှိပါသည်။ အမျိုးသားပြတိုက်ကြီးတွင်လည်း အနုပညာပြခန်း (ဝါဂီနစ်ပြခန်း)ဟူ၍ သီးခြား အလေးပေးပြသထားပါသည်။ မိမိတို့၏ရှိပြီးကိုယ်ပိုင်ယဉ်ကျေးမှုကို နိုင်ငံရပ်ခြား ယဉ်ကျေးမှုများမလွှမ်းမိုးစေရန် ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရန်နှင့် မြန်မာ့ရိုးရာတူရိယာများကို ပြည်သူလူထုတစ်ရပ်လုံးက တန်ဖိုးထား မြတ်နိုးလာစေရန်ပင်ဖြစ်ပါသည်။ ဤပြပွဲသည် နိုင်ငံတော်အဆင့်ပြပွဲကြီးဖြစ်ရန် ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ မိမိတို့ ပြည်နယ်၊ တိုင်းအလိုက် ရိုးရာတူရိယာပစ္စည်းများအား ဖြည့်ဆည်းပေးမှု၊ ဂီတအနုပညာ နယ်ပယ်မှ ပညာရှင်ကြီးများ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများနှင့် မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကြီးကို ပြည့်စုံသည်ထက် ပြည့်စုံအောင် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့ အမျိုးသားပြတိုက်ကြီးသည် ရပ်နီးရပ်ဝေးမှ ပြည်သူများအား ပညာပေးပြပွဲများ ပြုလုပ်ခဲ့ရာ ဘူမိနက်သန် နေရာမှန်ပင်ဖြစ်ပါသည်။ အမျိုးသားပြတိုက်အသစ်ကြီး၌ ပြုလုပ်ခဲ့သော အထူးပြပွဲများကို ဖော်ပြရာတွင် ပျိုးခင်းသစ်ပန်းချီပြပွဲ၊ ရှေးဟောင်းရွှေ၊ ငွေ လက်ဝတ်ရတနာနှင့် လက်ရာထူးခြားသော ရှေးဟောင်း ပစ္စည်းများပြပွဲ၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ လက်ရာ ပန်းချီပြပွဲ၊ ရှားပါးသည့် စာနယ်ဇင်းပြပွဲ၊ မြန်မာ့လည်ဆွဲ တန်ဆာ(ပုတီး)ပြပွဲ၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ၊ ပန်းချီဆရာမင်းဝေအောင်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ၊ ယဉ်ကျေးမှုအမွေ ပုဂံမြေပြပွဲနှင့် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) ပန်းချီဆရာ၊ ဆရာမများ၏ ရသရန့်ပန်းချီပြပွဲ စသည်တို့ပါဝင်ကြသည်။ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်များဖြင့် ပြုလုပ်သည့် နိုင်ငံရပ်ခြားပြပွဲများလည်း ၁၁ ပွဲ အထိ ရှိခဲ့ဖူးပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေမည့် ဤပြပွဲကြီးတွင် စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသမှုတို့နှင့်အတူ ပြပွဲဆိုင်ရာ လက်ကမ်းစာစောင်နှင့် ပုံနှိပ်ထုတ်ဝေမှု၊ ပညာရှင်များ၊ မျိုးဆက်သစ် လူငယ်လေးများ၏ မြန်မာမှု မြန်မာ့ဟန်မပျက်စေဘဲ လက်စွမ်းပြတီးခတ်မှုနှင့် လက်တွေ့သရုပ်ပြတီးခတ်မှုများလည်း ပါဝင်မည် ဖြစ်ပါသည်။ အဆိုပါပြပွဲကြီးအား အမျိုးသားပြတိုက်ဘက်စုံခန်းမတွင် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှစတင်ပြီး နှစ်ပတ်ကြာမျှ အများပြည်သူ၊ ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ပြသမည်ဖြစ်ပါသည်။ တစ်နေရာတည်းမှာ စုံစုံလင်လင်ပြသထားသည့် ပြပွဲတစ်ပွဲကို လက်တွေ့လာရောက်ကြည့်ရှု နားသောတဆင်နိုင်မှုသည် စာအုပ်များစွာကို ဖတ်ရှုခြင်းထက် ပိုမိုထိရောက်သည်ဟု ဆိုနိုင်ပါသည်။ ပြပွဲကို လာရောက်ကြည့်ရှုလေ့လာကြရုံသာမက မြန်မာ့ရိုးရာဂီတသံစဉ်များကိုပါ နားသောတဆင်နိုင်မှုသည် Seeing is beliving (ကိုယ်တွေ့မျက်မြင်ယုံကြည်ချင်) ခြင်းထက် ပိုကောင်းမွန်သည် မဟုတ်လော။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ **"မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရှာဖွေဖော်ထုတ်၊ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်၍ မိမိတို့၏ အစဉ်အလာကောင်းများကို ဂုဏ်ယူလေးစားပြီး နိုင်ငံနှင့်လူမျိုးကို ချစ်ခင်မြတ်နိုးစေရန်"** ဟူသော သဘောထားများနှင့်အညီ မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကြီးကို အနှစ်သာရရှိရှိ ခံစားသိရှိနိုင်ရန် စီမံဆောင်ရွက်ထားခြင်းများဖြစ်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ခုံမင်မြတ်နိုးပြီး မြန်မာ့ရိုးရာတူရိယာအကြောင်း စိတ်ဝင်စားသူအပေါင်းအား ကြွရောက်ကြပါရန် နှိုးဆော်အပ်ပါသတည်း။ ။

ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်း

ရန်ကုန် ဩဂုတ် ၆

သီရိမင်္ဂလာ သုံးထပ်ကျောင်းဆောင်သစ်ကြီး စုပေါင်းရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းလမ်း ဟင်္သာတသုံးထပ်စာသင်တိုက်အတွင်းရှိ အဆိုပါ ကျောင်းဆောင် သစ်ကြီး၌ ကျင်းပသည်။ အခမ်းအနားသို့နိုင်ငံတော်သံဃမဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ဟင်္သာတသုံးထပ်စာသင်တိုက် ဆရာတော်ဘဒ္ဒဝဏ္ဏိတနှင့် မြို့နယ်သံဃနာယကဆရာတော်နှင့် အလှူရှင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ဟင်္သာတ သုံးထပ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိတထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်က ရေစက်ချအနုမောဒနာတရားဟောကြားကာ အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

အီလက်ထရောနစ် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၆

အီလက်ထရောနစ် စက်ပြင်သင်တန်း (ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီ)ပုံမှန်အထူးသင်တန်းများကို ကျွမ်းကျင်သော ဆရာများကစာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ် ၁၀၀၊ ဦးရေခဲလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း ၆၆၂၀၂၅သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လုပ်ငန်းခွင် အကြိုသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့က ကြီးမှူး၍ မျိုးဆက်သစ် လူငယ်အင်ဂျင်နီယာများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းအမှတ်စဉ်(၃) (Junior Engineer Orientation Course No.3) **ကို ဩဂုတ် ၁၁ရက်မှ စတင်၍ အသင်း သင်တန်းခန်းမတွင် ဖွင့်လှစ်ပို့ချပေးမည်ဟု သိရသည်။**

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းချိန်မှာ မွန်းလွဲ ၂:၃၀ နာရီမှ ညနေ ၆:၄၅ နာရီအထိ နေ့စဉ် တနင်္လာမှ သောကြာနေ့အထိဖြစ်ပြီး ရက်သတ္တနှစ်ပတ်ကြာမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ လှိုင်မြို့နယ်၊ MICT Park **အဆောင်(၆) အခန်း(၅)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊သင်တန်းရုံးခန်းတွင် လျှောက်လွှာတင်သွင်းနိုင်ပြီး ဖုန်း-၆၅၂၂၉၄ နှင့် ၆၅၂၂၉၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။** (က-ပ)

☆ ရှေ့ဖုံးမှ

လောင်စာအဖြစ်သုံးစွဲ၍ လည်ပတ်နိုင်သော အင်ဂျင်များကို ထုတ်လုပ်ပြီး ကျေးရွာလျှပ်စစ်မီးရရှိရေး၊ မြစ်ရေတင်ရေးစသည့် လုပ်ငန်းများနှင့် ဆန်စက်၊ဆီစက်ကဲ့သို့သော လည်ပတ်ကြိတ်ခွဲလုပ်ငန်းများတွင် အဆိုပါ အင်ဂျင်များကို သုံးစွဲလျက်ရှိကြောင်း သိခဲ့ရသည်။

သွားရောက်လေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူးတာဝန်ထမ်းဆောင်စဉ်က တည်ဆောက်ထားခဲ့သည့် ရေစွမ်းအား စပါးခွံလောင်စာဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်ရေးစက်ရုံသို့ ဦးစီးအရာရှိ ဒုတိယတန်း(စစ်ထောက်) ဗိုလ်မှူးစိုးဝင်းနှင့်အတူ ကြေးမုံသတင်းအဖွဲ့ လွန်ခဲ့သော ဇူလိုင် ၁၈ရက် နံနက်ပိုင်းက သွားရောက်လေ့လာကြသည်။

ရေစွမ်းအားစပါးခွံ လောင်စာဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်ရေးစက်ရုံသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင်မှုကို ခံယူ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

စက်ရုံသည် ပုသိမ်မြို့ စက်မှုရပ်ကွက် (စီးပွားရေးဇုန်) ကနောင်လမ်း မြေကွက်အမှတ်(အေ-၂၂/၂၃/၂၄) ပေါ်တွင် တည်ရှိသည်။ စက်ရုံ၏ အကျယ်အဝန်း ဧရိယာမှာ ဝ ဒသမ၈ ဧကရှိသည်။ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ခုနှစ် ဖေဖော်ဝါရီ၂ရက်တွင် ဖွင့်လှစ်ခဲ့သည်။ စက်ရုံနှင့်အတူ ကုန်ကြမ်းစပါးခွံ ရရှိရေးအတွက် တစ်နာရီ ၂၅တင်းကျ ရေစွမ်းအားဆန်စက်ကိုလည်း တည်ဆောက်ခဲ့သည်။

အဆိုပါ စက်ရုံ၏ ရည်ရွယ်ချက်မှာ(က) ဒီဇယ်၊ ဓာတ်ဆီသုံးအင်ဂျင်များအစား စပါးခွံဓာတ်ငွေ့သုံးအင်ဂျင်များကို သုံးစွဲစေပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့နည်းစေရန်၊ (ခ) ဧရာဝတီတိုင်းအတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသများတွင် စပါးခွံဓာတ်ငွေ့သုံးအင်ဂျင်များ အသုံးပြုခြင်းဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများ၏ စီးပွားရေး၊လူမှုရေး၊ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေရန်၊(ဂ)စက်မှုနည်းပညာ အသစ်များတီထွင် ဆန်းသစ်မှုများကို အားပေးကူညီရန်တို့ ဖြစ်သည်။



အင်ဂျင်၏ စွမ်းအားနှင့် စပါးခွံဓာတ်ငွေ့ထုတ်လုပ်နိုင်သည့် ဓာတ်ငွေ့ထုတ်ပိုက်လိုင်းမှ စပါးခွံဓာတ်ငွေ့ကို ဒိုင်နမိုနှင့်တွဲသုံးပြီး လိုအပ်သော လျှပ်စစ်ဓာတ်အား(မဂ္ဂါဝပ်)များ ထုတ်ပေးသည်။ အင်ဂျင်အမျိုးအစားအလိုက် စပါးခွံမီးဖိုကြီး(တာဝါ)အမျိုးအစားအလိုက်၊ ဒိုင်နမိုအမျိုးအစားအလိုက် လိုအပ်သောပြုပြင်မှုပုံစံဖြင့် စက်ရုံတစ်ခုလုံးအတွက် အသုံးပြုနေသော EKအင်ဂျင် +RH-14 စပါးခွံမီးဖိုနှင့် ဒိုင်နမိုတို့တွဲလျက် စက်ပစ္စည်းများ တပ်ဆင်ထားသည်။ စပါးခွံမှ ဓာတ်ငွေ့များထုတ်ပေးသည့် စက်ကြီးကို ကြေးမုံသတင်းအဖွဲ့ ဤသို့ မှတ်တမ်းတင်ခဲ့သည်။

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ရည်မှန်းချက်

အဆိုပါစက်ရုံ၏ ရည်မှန်းချက်မှာ (က)၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ နှစ်တိုငါးနှစ်စီမံကိန်းတွင် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား နှစ်မဂ္ဂါဝပ် ထုတ်လုပ်သွားမည်။ (ခ) ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ဧရာဝတီတိုင်းအတွင်းရှိ ၂၆မြို့နယ်တွင် ဖွံ့ဖြိုး တိုးတက်မှုရှိသော ရွာကြီးတစ်ရွာစီ ရွေးချယ်၍ စုစုပေါင်း ကျေးရွာကြီး ၂၆ရွာကို လူနေအိမ်ခြေများပေါ်မူတည်၍ သင့်လျော်မည့် စပါးခွံလောင်စာဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်သွားမည်ဖြစ်သည့်အပြင် ပုဂ္ဂလိကဆန်စက်နှင့် အခြားလုပ်ငန်းရှင်များကိုလည်း ထုတ်လုပ်ရောင်းချမည်ဖြစ်သည်။

ရေစွမ်းအား စပါးခွံ လောင်စာဓာတ်ငွေ့သုံးအင်ဂျင် ထုတ်လုပ်ရေး စက်ရုံမှ ထုတ်လုပ်လျက်ရှိသော စက်အမျိုးအစားများ စက်စွမ်းအင်နှင့် ကုန်ကျစရိတ်များ တစ်နာရီ ကုန်ကျစရိတ်သက်သာမှု အခြေအနေများနှင့် စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက် တည်ဆောက်ပုံများကို စက်ရုံ အုပ်ချုပ်ရေးမှူး ဗိုလ်မှူးနိုင်ရဲသူက ကြေးမုံသို့ ဤသို့ ရှင်းလင်းပြောကြားသည်။

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ရှင်းလင်းပြောကြား

အဆိုပါ စက်ရုံ၏ စပါးခွံဓာတ်ငွေ့စက်တွင် မီးဖိုပိုင်း၊ အင်ဂျင်ပိုင်းနှင့် ဒိုင်နမိုပိုင်းစသည်ဖြင့် အပိုင်းသုံးပိုင်းဖြင့် တည်ဆောက်ထားသည်။ မီးဖိုပိုင်းတွင် ပင်မမီးဖိုကြီးနှင့် တာဝါနှစ်ခု၊ ဓာတ်ငွေ့စစ်နှစ်ခုတို့ဖြင့် ဖွဲ့စည်းထားပြီး မီးဖိုကြီးအတွင်း စပါးခွံများထည့်၍ မီးရှို့ခြင်းဖြင့် ရရှိလာသည့် ဓာတ်ငွေ့များအား နံပါတ်(၁)တာဝါ၊ နံပါတ် (၂)တာဝါများနှင့် ဓာတ်ငွေ့စစ်များအတွင်းသို့ ဖြတ်သန်းစေခြင်းဖြင့် ဓာတ်ငွေ့မှပါလာသော ကတ္တရာ၊ အညစ်အကြေးများအား တာဝါနှင့် ဓာတ်ငွေ့စစ်များတွင် ခြောက်သွေ့စေပြီး လိုအပ်သော ဓာတ်ငွေ့ထုတ်ယူရရှိသည်။ အင်ဂျင်ပိုင်းတွင် မူလဒီဇယ်၊ဓာတ်ဆီအင်ဂျင်များအား(Gas Type) ပုံစံပြောင်းလဲ၍ မီးဖိုမှထုတ်လုပ်ရရှိသော သန့်စင်ပြီး ဓာတ်ငွေ့များဖြင့်လည်ပတ်စေပြီးနောက် ဒိုင်နမိုမှတစ်ဆင့် လျှပ်စစ်ဓာတ်ထုတ်ယူခြင်းဖြစ်သည်။ အချို့သော ပုဂ္ဂလိကစက်များနှင့် ဆန်စက်၊ ဆီစက်များတွင် အင်ဂျင်မှ ရှပ်တန်းထုတ်ယူ၍ တိုက်ရိုက် တွဲဖက်လည်ပတ်အသုံးပြုလျက်ရှိသည်”ဟု စက်ရုံအုပ်ချုပ်ရေးမှူး ဗိုလ်မှူးနိုင်ရဲသူနှင့် စက်ရုံမှူး ဦးလှမြင့်တို့က မြေပုံကားချပ်များဖြင့် ကြေးမုံသတင်းအဖွဲ့အား ရှင်းလင်းပြောကြားသည်။

ရေစွမ်းအား စပါးခွံလောင်စာဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်ရေး စက်ရုံအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန နွေစပါးရေတင် လုပ်ငန်းအတွက် (Gas Type) ပြောင်းလဲပြီး ဇက်တာ (မြင်းကောင်ရေ-၅၀) အင်ဂျင်လေးလုံး၊ ကျုံပျော်မြို့နယ် သပြေငူကျေးရွာ နွေစပါးရေတင်လုပ်ငန်းအတွက် ဇက်တာအင်ဂျင် ၃၀ ကီလိုဝပ် ဒိုင်နမိုနှင့် စပါးခွံလောင်စာ ဓာတ်ငွေ့သုံး စက်တစ်လုံး၊ ဓနုဖြူမြို့နယ် အကျော်ကျေးရွာတွင် နွေစပါးရေတင်ခြင်းအတွက် ဇက်တာအင်ဂျင် ကီလိုဝပ် ၃၀ ဒိုင်နမိုနှင့် စပါးခွံလောင်စာဓာတ်ငွေ့သုံး စက်တစ်လုံးတို့ကို ရောင်းချပေးခဲ့သည်ဟု သိရသည်။

ထို့ပြင် မြို့ပြ/ကျေးလက် လျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် မြို့ပြ/ကျေးလက်များသို့ စုစုပေါင်း ၆၉လုံး ရောင်းချပေးခဲ့ပြီး ၃ဒသမ၂၁မဂ္ဂါဝပ် ထုတ်လုပ်ပေးခဲ့သည်ဟု သိရသည်။

အရည်အသွေးမြင့်မားရေး

အဆိုပါ ရေစွမ်းအား စပါးခွံလောင်စာဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်ရေးစက်ရုံသည် ပြည်နယ်၊ တိုင်းများရှိ မြို့ပြနှင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်မီးလင်းခြင်း၊ လျှပ်စစ်မြစ်ရေတင်ခြင်းနှင့် ဆန်စက်တည်ဆောက်ခြင်း လုပ်ငန်းများတွင် အထောက်အကူပြုအောင်မြင်နေသော စက်ရုံတစ်ရုံဖြစ်သည်ကို တွေ့ရှိရသည့်နည်းတူ ဧရာဝတီတိုင်းအတွက် ဂုဏ်ယူရမည့် စက်ရုံတစ်ရုံလည်းဖြစ်ကာ စက်စွမ်းအားပြည့်မီလည်ပတ်ရေးနှင့် အရည်အသွေးမြင့်မားရေးအတွက် စက်ရုံမှ တာဝန်ရှိသူများသည် ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)



EF-750 အင်ဂျင်တွင် (Gas Type) ပုံစံပြောင်းလဲ၍ RH-20/22 စပါးခွံမီးဖိုနှင့် တွဲကာ စက်လည်ပတ်စေပြီး စပါးခွံမီးဖိုမှ ထုတ်လုပ်သော သန့်စင်ပြီး ဓာတ်ငွေ့ကို မြင်းကောင်ရေ ၅၀ရှိ ဒိုင်နမိုမှတစ်ဆင့် လျှပ်စစ်မဂ္ဂါဝပ် ၁၂၀ထုတ်လုပ်ပြီး လေးပေမီးချောင်းရေ ၂၄၀၀အထိ လျှပ်စစ်မီးထွန်းလင်းအသုံးပြုနိုင်သည့် စက်အမျိုးအစားကို ဇူလိုင် ၁၈ရက်က ဤသို့တွေ့ရစဉ်။(ကျေးရွာ/ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးလုပ်ငန်းတွင် အသုံးပြုသည်။)

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ၁ဝရက် တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၆

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၀၄)ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယLL.B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် ဝါခေါင်လပြည့်ကျော် ၃ရက်၊ ဩဂုတ် ၁၅ရက် (သောကြာနေ့) ညနေအရောက် လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဩဂုတ်လထုတ် ငွေတာရီမဂ္ဂဇင်းထွက်ရှိ

ရန်ကုန် ဩဂုတ် ၆

၂၀၀၃ခုနှစ် ဩဂုတ်လထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပန်းချီတင်မောင်မျင့်၏ လက်ရာမွန် ပန်းချီမျက်နှာဖုံး၊ ထီလာစစ်သူ၊ နတ်မောက်ကြိုင်သင်း၊ ကို(တက္ကသိုလ်)၊ တက်လူ၊ မောင်ဟေမာ၊ သန်းအောင်(အညာမြေ)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ အောင်သာဆန်း(သံတွဲ)၊ မုံရွာဝင်းဖေ၊ မင်းရဲကျော်၊ တက္ကသိုလ်စိုးယဉ်၊ မောင်ပြည်လှိုင်(သံတွဲ)တို့ရဲ့ အဖွင့်ကဗျာများနှင့် အတူ ဇန်းမော်ဇမ္ဗူတလူ၊ သုတေသီမြင့်ထွန်း၊ စီနီယာဂွမ်းဂွိ၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ တက္ကသိုလ်သန်း၊ သန်းအောင်(ပန်တျာ-မန်း)၊တင်ထွန်းဦး (ယဉ်ကျေးမှု)၊ မင်းနိုင်၊ ခင်ဇ(စက်မှု)၊ စောမုံညင်း၊ ချစ်စံဝင်း၊ မောင်လွမ်းနွယ်(အောင်လံ) တို့၏ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများနှင့် သုတ၏ အင်္ဂလိပ်စာပေဗဟုသုတ ဆောင်းပါးများ၊ ကာတွန်းမြေဇာ၊ အောင်ကျော်၊ လှဖေ၊ လွမ်းမောင်(သုဝဏ္ဏ)၊ဗချီတို့ရဲ့ကာတွန်းလက်ရာများ၊ သံယောဇဉ်ဦး၊ ညီညီ(စီးပွားရေး) တို့၏အနုပညာဆောင်းပါးများ၊ ဆြာစန်း၏ သည်တစ်လတွက်တာ သင့်ကံကြမ္မာအဖြေရှာ၊ ဌေးမောင်၏

နှစ်ဆယ်ရာစုမင်းသားကြီး ကလပ်ဂေဘယ်အခန်းဆက် ဘာသာပြန်ဝတ္ထုရှည်၊ဆူးခါ၊ဘုန်းမြင့်၊မောင်မြင့်အောင်၊ မိုးသောက်၊ သာရဝေါစိုးကြည်၊ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)၊ မြတ်နိုးရှင်တို့၏ဝတ္ထုများဖြင့် ဝေဝေဆာဆာ ထွက်ရှိလာပြီး အဝေးသင်တက္ကသိုလ် ကျောင်းသားကျောင်းသူများအတွက် ဦးဟုန်ဝမ်၊ ဒေါ်အုန်းမြင့်(ပါမောက္ခ) တို့၏ သင်ခန်းစာများကိုလည်း ဖော်ပြထားကြောင်းသိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်းမှ မြို့နယ်အချို့နှင့် မအူပင်၊ ညောင်တုန်းမြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ခေတ္တပိတ်မည်

ရန်ကုန် ဩဂုတ် ၆

လှော်ကားဓာတ်အားပေးစက်ရုံ၌ ၁၉၆၀ပြည့်နှစ်က စတင်အသုံးပြုခဲ့သော ၃၃ကေဗွီ ဗို့အားမြင့်ဓာတ်အားထိန်းခလုတ် အဟောင်းများအား အသစ်များဖြင့် အစားထိုး လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း လှော်ကား ဓာတ်အားပေးစက်ရုံမှ တိုက်ရိုက် ဓာတ်အားဖြန့်ဖြူးပေးထားသော မှော်ဘီ၊ တိုက်ကြီး၊ သာယာဝတီ၊ ထောက်ကြန့်၊လှည်းကူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဒလ၊ မအူပင်၊ လှိုင်သာယာ၊ ညောင်တုန်းမြို့နယ်များနှင့် အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ မင်္ဂလာဒုံနှင့် မြောက်ဥက္ကလာပမြို့နယ်များမှ ရပ်ကွက်အချို့အား ဓာတ်အားပို့လွှတ်မှု ခေတ္တပိတ်ထားမည်ဖြစ်သည်။ ဓာတ်အားပို့လွှတ်မှုကို ညနေ ၆နာရီတွင် ပုံမှန်အတိုင်းပြန်လည် ပို့လွှတ်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်မှ ကျန်မြို့နယ်များအားလုံးသို့ သာကေတ၊ ရွာမ၊ အလုံဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားစနစ်မှ ဓာတ်အားဖြင့် ပုံမှန်အတိုင်း ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးထားမည်ဖြစ်သည်။ (သတင်းစဉ်)

➪ ကြက်မောက်တောင်မှ

အလျားပေ ၇၀၀၀၊ အမြင့်ပေ ၈၀ ရှိသော ကျောက်တံခါး ရေလှောင်တမံစီမံကိန်းကို တည်ဆောက်ပြီး ကြက်မောက်တောင် ရေလှောင်တမံသို့ ရေကူပေးရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကြက်မောက်တောင် ရေလှောင်တမံမှာ ၁၉၆၆ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ပြီး ကြက်မောက်တောင် ရေလှောင်တမံ၏ ရေလှောင်နိုင်သော ပမာဏမှာ ဧကပေ ၇၃၀၀၀ ခန့်ဖြစ်သော်လည်း နှစ်စဉ် ပျမ်းမျှဝင်ရေမှာ ဧကပေ ၃၆၉၀၀ ခန့်သာရှိသည်။ ဆည်ရေသောက်ဧရိယာအတွင်းရှိ မြေဧရိယာဧက ၂၈၈၀၀ ပေါ်တွင် နှစ်စဉ် ပျမ်းမျှအားဖြင့် သီးနှံဧရိယာဧက ၄၄၀၀၀ စိုက်ပျိုးနေသော်လည်း ဆည်ရေရရှိသည့် သီးနှံဧရိယာမှာ ၁၃၄၃၂ ဧကခန့်သာ ရှိသည်။

ဆက်သွယ်ရေးတူးမြောင်းစနစ်

သို့ဖြစ်၍ လက်ရှိစိုက်ပျိုးနေသည့် သီးနှံဧရိယာများကို ရေလုံလောက်စွာပေးဝေနိုင်ရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် နတ်မောက်မြို့နယ် ကျောက်တံခါးချောင်းပေါ်တွင် ရေလှောင်တမံတစ်ခုနှင့် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်တွင် ရေလှောင်တမံတစ်ခုကို တည်ဆောက်ပြီး ဆက်သွယ် တူးမြောင်းစနစ်ဖြင့် ကြက်မောက်တောင်သို့ ရေကူပေးရန် ရေလှောင်တမံနှစ်ခုကို တည်ဆောက်ခြင်းဖြစ်သည်။

ရှင်းလင်းပြောကြား

ရေကူပေးရေးစီမံကိန်းအရ တည်ဆောက်လျက်ရှိသော ရေလှောင်တမံနှစ်ခုသို့ ကြေးမုံသတင်းအဖွဲ့သည် ဇူလိုင် ၁၄ရက်နေ့တွင် ကွင်းဆင်း သွားရောက်လေ့လာရာ ရေလှောင်တမံတာဝန်ယူ တည်ဆောက်လျက်ရှိသော ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဗစ်တာက ကြေးမုံသတင်းအဖွဲ့အား စီမံကိန်းဆောင်ရွက်နေသည့် အချက်အလက်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

တည် ဆောက် လျက် ရှိ သော ကျောက်တံခါး ရေလှောင်တမံနှင့် တောင်ရေချောင်း ရေလှောင်တမံတို့တွင် နတ်မောက်မြို့နယ်ရှိ ကျောက်တံခါး ရေလှောင်တမံသည် တူးမြောင်းစနစ်ဖြင့် အောက်ဘက်ရှိ ကျောက်ပန်းတောင်းမြို့နယ် တောင်ရေချောင်း ရေလှောင်တမံသို့ ဆက်သွယ်တူးမြောင်းစနစ်ဖြင့် ချပေးမည်ဖြစ်ပြီး ကျောက်တံခါးရေလှောင်တမံမှ ချပေးသောရေများကို တောင်ရေချောင်း ရေလှောင်တမံက ထိန်းလျက် ဆက်သွယ်တူးမြောင်းစနစ်ဖြင့်ပင် ကြက်မောက်တောင်ဆည်သို့ ရေကူပေးမည်ဖြစ်သည်။

ရေဆင်းဧရိယာ

ကျောက်တံခါး ရေလှောင်တမံစီမံကိန်းသည် ရေဆင်းဧရိယာ ၉၈ စတုရန်းမိုင်ရှိမည်ဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစား ဖြစ်သည်။ တမံအလျားမှာ ပေ ၇၀၀၀၊ အမြင့်ပေ ၈၀ ရှိ၍ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၃၇၀၀၀လှောင်နိုင်ပြီး၊အလျားလေးပေ x ခြောက်ပေတစ်ပေါက်ရှိသော ရေထုတ်ပြွန်ဖြင့် အလျားပေ ၁၉၀ ရှိသော သံကူကွန်ကရစ် အမျိုးအစား ရေထုတ်ပြွန်မှ ရေထုတ်ပေးမည်ဖြစ်သည်။

အပြီးဆောင်ရွက်

ရေထုတ်ပြွန်မှ အမြင့်ဆုံးရေထုစီးနှုန်း ၁၅၀ ကုဗပေ စက္ကန့်ဖြစ်၍ တောင်ရေချောင်း ရေလှောင်တမံသို့ ၁၇မိုင်ရှည်သော တူးမြောင်းဖြင့် ရေများ ပို့ပေးရမည်ဖြစ်သည်။ ကျောက်တံခါး ရေလှောင်တမံစီမံကိန်းကို ၂၀၀၂ခုနှစ် စက်တင်ဘာလက စတင်ဆောင်ရွက်ခဲ့၍ (၁) မြေသားတမံ တည်ဆောက်မှုလုပ်ငန်း၊ (၂) ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်မှုလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်မှုလုပ်ငန်း (၃) ဆက်သွယ်တူးမြောင်း ဖောက်လုပ်ခြင်း လုပ်ငန်းများကို ၂၀၀၅-၂၀၀၆ ခုနှစ်အပြီး ဆောင်ရွက်လျက်ရှိသည်။

ကျောက်တံခါးရေလှောင်တမံ စီမံကိန်းမှ ပို့ပေးသည့်ရေများကို လက်ခံထိန်းသိမ်းပြီး ကြက်မောက်တောင်ဆည်သို့ လွှတ်ပေးမည့် တောင်ရေချောင်း ရေလှောင်တမံမှာ ကျောက်ပန်းတောင်းမြို့နယ် တောင်ရေချောင်းပေါ်တွင် တည်ဆောက်သော မြေသားတမံ အမျိုးအစားဖြစ်၍ ရေဆင်းဧရိယာ ၂၃ စတုရန်းမိုင်ရှိသည်။ အလျားပေ ၂၈၅၀၊ အမြင့်ပေ ၇၀ ရှိသော ရေလှောင်တမံဖြင့် ကန်ရေပြည့် ရေလှောင်ပမာဏ ၃၄၂၅ ဧကပေ လှောင်ထားမည်ဖြစ်သည်။

တောင်ရေချောင်း ရေလှောင်တမံစီမံကိန်းအရ ဆည်အတွင်းသို့ ဝင်လာသောရေများကို ၁ ဒသမ ၃၅ မိုင်ရှည်သော ဆက်သွယ်တူးမြောင်းမှ ကြက်မောက်တောင်ဆည်သို့ ရေကူပေးမည်ဖြစ်ပြီး တူးမြောင်းမှရေသည် ကျောက်ပုံချောင်းမှတစ်ဆင့် ကြက်မောက်တောင်ဆည်သို့ စီးဝင်သွားမည်ဟု သိရသည်။

ကားလမ်းဖြတ်

တောင်ရေချောင်း ရေလှောင်တမံ တူးမြောင်းမှ ပို့သောရေမှာ မိတ္ထီလာ၊ ကျောက်ပန်းတောင်းသို့ သွားသည့် မော်တော်ကားလမ်းကို ဖြတ်ရမည်ဖြစ်သောကြောင့် ကားလမ်းအောက်ဘက်မှ လေးမီတာအချင်းရှိ မြင်းခွာပုံ သံကူကွန်ကရစ်ဖြင့် တည်ဆောက်လျက် ရှိသည်။ ရေလွှဲဥမင်၏ အလျားမှာ ပေ ၄၂၀ ရှိမည်ဖြစ်ပြီး၊ ရေလွှဲဥမင်၏ ရေထုစီးနှုန်းသည် ၂၃၀၀ ကုဗပေ စက္ကန့်နှုန်းဖြစ်သည်။

ဥမင်အဝင် Canopy လုပ်ငန်းကို ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်နေ့တွင် ပြီးစီးခဲ့သဖြင့် ဥမင်ကျောက်သားဖောက်ခြင်း လုပ်ငန်းကို ၂၀၀၃ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ ကျောက်သားဖောက်ထွင်းခြင်းလုပ်ငန်းနှင့် Steel Ribထောင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဥမင်ဖောက်လုပ်ခြင်း လုပ်ငန်းတွင် ဥမင်အလျားကို မူလက ပေ ၁၁၂၀ လျာထားခဲ့သော်လည်း မိတ္ထီလာ- ကျောက်ပန်းတောင်းကားလမ်း အခြေအနေအရ ပေ ၄၂၀ သို့ ပြောင်းလွှဲသတ်မှတ်ခဲ့သည်။ သို့ရာတွင် ဥမင်အူကြောင်းတစ်လျှောက်ရှိ ကျောက်သားအနေအထားအရ ဥမင်အလျားကို ၁၇၃၇ ပေသို့ တိုးမြှင့်ဆောင်ရွက်ရန် ဆည်မြောင်းဦးစီးဌာန ရုံးချုပ်သို့ တင်ပြထားကြောင်း သိရသည်။ ။

(ကြေးမုံ)

မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးချောင်းပေါ်တွင် ကြက်မောက်တောင်ဆည်သို့ ရေအကူပေးရန် တည်ဆောက်လျက်ရှိသော ကျောက်တံခါး ရေလှောင်တမံတွင် ရေထုတ်ပြွန် တည်ဆောက်နေသည်ကို ၂၀၀၃ခုနှစ် ဇူလိုင် ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အောင်မိုး-ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၁၀ ၆။ အကပဒေသာ

၈:၂၀ ၇။ နဂါးရေလှောင်တမံ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)

၅:၁၀ ၆။ **နွေးထွေးသောရင်ခွင်(အပိုင်း-၁) (ဖြိုးငွေစိုး၊ အောင်ခိုင်၊ မြတ်ကေသီအောင်၊ ဆုပန်ထွာ၊ လှမျိုးသဥ္ဇာနွယ်၊ ပွင့်နဒီမောင်) [ဒါရိုက်တာ-တင်သန်းဦး] (မွန်ဘာသာစကားဖြင့်)**

၅:၂၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၄၀ ၈။ တေးဂီတအစီအစဉ်

၅:၅၅ ၉။ ရုပ်ရှင်သင်တန်းမှ ပန်းကလေးများ (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)

၆:၃၀ ၁၀။ ညနေခင်းသတင်း

၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၂။ Milo Success In Soccer.

၇:၁၀ ၁၃။ ကော်ဖီ

၇:၂၀ ၁၄။ တေးဂီတအစီအစဉ်

၇:၃၅ ၁၅။ နိုင်ငံ့ဖွံ့ဖြိုးပြည့်အကျိုး

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီး (တတိယဆု) (မန္တလေးတိုင်း) (ပထမပိုင်း)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီး ကျောက်တံခါးချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော ကြက်မောက်တောင်ဆည် ရေအကူပေးမည့် ကျောက်တံခါးရေလှောင်တမံတွင် တမံဆောက်ရန်အတွက် ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည်ကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အောင်မိုး-ကြေးမုံ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

၁၂လရာသီမပြတ် ဟင်းသီးဟင်းရွက် စိုက်ပျိုး ကြက်၊ ငါးမွေးမြူရေး အပြည့်အဝဆောင်ရွက်

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန် ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လမ်းညွှန်ချက်နှင့်အညီ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်ကြီးကို ရန်ကုန်မြို့နေ ပြည်သူများ နေ့စဉ်စားသုံးလျက်ရှိသည့် ဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ကြက်ဥ လိုအပ်ချက်များကို အခြားပြည်နယ်နှင့် တိုင်းများအား မှီခိုအားထားစရာမလိုဘဲ လုံလောက်စွာ စားသုံးနိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးဇုန်ကြီးတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မြေ တစ်ယူနစ် ငါးဧကသတ်မှတ်ပြီး မြေတန်ဖိုးအခမဲ့နှင့် ဇုန်အတွင်းအသုံးပြုရန် ၁၁ ကေဗွီအေဓာတ်အားလိုင်းများကို နိုင်ငံတော်က စီမံ ဆောင်ရွက်ပေးထားကြောင်း၊ ဆောင်းရာသီနှင့် နွေရာသီတွင် စိုက်ပျိုးနိုင်ရန် ငမိုးရိပ်လက်ယာမြောင်းမှ ဆည်ရေနှင့် ကလီထော်ဆည်ရေတို့ကို ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ယခင်က မိုးရာသီတွင် ဇုန်အတွင်း မဝင်နိုင်သည့် အခက်အခဲကို ကတ္တရာလမ်းခင်းပေးပြီး အချိန်မရွေး ဝင်ရောက်နိုင်ရန် စီစဉ်ပေးထားပြီး ဖြစ်ကြောင်း၊ ထို့အပြင် ဆက်သွယ်ရေးအတွက် အော်တိုတယ်လီဖုန်းများလည်း တပ်ဆင်ပေးထားပြီး ဖြစ်ကြောင်း၊ အဆင့်သင့် စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ ပျိုးပင်များ၊ မြေသြဇာများပါ စီစဉ်ပေးထားကြောင်း၊ တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက ဇုန်အတွင်းရှိ ဂဝံလမ်းများနှင့် ဗို့ ၄၀၀ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းခြင်း ကုန်ကျငွေသာ ပေးသွင်းခဲ့ရကြောင်း။

ရည်ရွယ်ချက်အောင်မြင်ရေး

သို့ဖြစ်၍ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ကြီးတွင် ရည်ရွယ်ချက် အောင်မြင်ရေး အမြန်အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်ကြီးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသားစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များ တိုးတက်စိုက်ပျိုးမွေးမြူနိုင်ရန် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း၊ အထူးဇုန်ကြီးကြပ်မှု ကော်မတီဝင်များအနေဖြင့် လုပ်ငန်းများ အောင်မြင်စေရေး ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက အထူးဇုန်ကြီးအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် ကြက်၊ ငါးမွေးမြူရေးလုပ်ငန်းများကို ဇုန်သုံးဇုန်ခွဲ၍ ကြပ်မတ်ဆောင်ရွက်နေမှုများ အပြင် Block များခွဲ၍ ကြပ်မတ်နိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေနှင့် အထူးဇုန်များအတွင်းရှိ ဂဝံလမ်းများ ပြုပြင်ထိန်းသိမ်းမည့် အစီအမံများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် အထူးဇုန်(၁) တာဝန်ခံ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်း၊ အထူးဇုန်(၂) တာဝန်ခံ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်နှင့် အထူးဇုန်(၃) တာဝန်ခံ ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးနိုင်ဝင်းတို့က အထူးဇုန်များအလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးထားရှိမှုနှင့် ကြက်၊ ငါး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးမွေးမြူနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံမတူက အထူးဇုန်ကြီးများ၌ ရာသီမရွေး စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ရေသွင်း ရေနုတ်မြောင်းများနှင့် Culvert များ ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာ ဦးစောမူဒေးလူက အထူးဇုန်များအတွင်း တယ်လီဖုန်းတပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်တပ်ဆင်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အကြံပြု

ယင်းနောက်ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်ကြီး၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်ကြီးသည် မိုင် ၃၀ ဧရိယာအတွင်းပါရှိသဖြင့် ၁၂ လရာသီမပြတ် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် ကြက်၊ ငါးမွေးမြူရေးတို့ကို တစ်ကွက်မကျန် အပြည့်အဝ စိုက်ပျိုးမွေးမြူကြရေး စီမံဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၆

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်ကျောင်းတိုက်၌ (၆၂)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၁၂ ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုးမှ ပြည့်အကျိုး

ဩဂုတ် ၆ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.D.M.M. Ranaraja **တွေ့ဆုံစဉ်။** (သတင်းစဉ်)

☆ **ကာကွယ်ရေးဝန်ကြီးဌာနမှ**

ကျေးလက်လမ်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကော့ယင်းကျေးရွာ ဘုန်းတော်ကြီးသင် အခြေခံပညာ အလယ်တန်းကျောင်း၌ စေတနာရှင် ဆရာ၊ ဆရာမ ၁၃ ဦးတို့က ကျောင်းသား၊ ကျောင်းသူ ၆၁၉ ဦးတို့အား ပညာဒါန အဖြစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ရင်းရင်းနှီးနှီး

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမသို့ ရောက်ရှိကြပြီး ခန်းမဆောင်၌ ကျိုက်ထိုတပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားကာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့မှမော်တော်ယာဉ်များနှင့် ဆက်လက်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် ဘီးလင်းမြို့သို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်း ရန်မျိုးအောင်ခန်းမ၌ ဘီးလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် သထုံမြို့နယ် ကျိုက်ကော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ် ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျိုက်ကော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း သင်ကြားမှုသင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ အစီအစဉ်အရကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအိနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်ညွန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်း၏ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အခမ်းအနားကို အဆိုပါကျောင်း ၎င်းဝါဆောင်၌ ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းအိနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်ညွန့်တို့က သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုတိပ်ခွေများကိုကျောင်းအုပ်ဆရာမကြီးဒေါ်သန်းအိထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယခုခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာရေးစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အမျိုးသားပညာရည်တိုးတက်မြင့်မားရေးအတွက် နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုးတက်လာသည့် နိုင်ငံတကာပညာရေးနှင့် ယှဉ်နိုင်ရန် ယခင်ကထက် ပိုမိုကြိုးစားလေ့လာသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ထို့ကြောင့် ဒေသခံပြည်သူများကလည်း ဌာနဆိုင်ရာများနှင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပညာရည်မြင့်မားရေးအတွက် ကျိုက်ကော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် သင်ကြားမှု/သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် နိုင်ငံတော်ကိုယ်စားကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားပြီး အမှတ်(၁)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ ညနေပိုင်းတွင် သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ကောက်စိုက်လုံမေများ၏ ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သထုံမြို့ မြို့နယ်ခန်းမ၌ သထုံမြို့နယ်အတွင်းမှ ဒေသခံ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စိုက်ဧကများတိုးချဲ့စိုက်ပျိုးခြင်း၊ အထွက်တိုးစပါးမျိုးများစိုက်ပျိုးခြင်းတို့ကြောင့် ဒေသခံတောင်သူများ ယခင်ကထက် ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ခေတ်မီစိုက်ပျိုးနည်းများကို အသုံးပြု၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်နှင့် လိုအပ်သော စိုက်ပျိုးနည်းပညာများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများနှင့် အတူ ဩဂုတ် ၄ ရက်နံနက်ပိုင်းတွင် သထုံတပ်နယ် နယ်မြေခံတပ်ရင်းအောင်စိုးမိုးခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မဖြစ်အောင်တိုးချဲ့ဆောင်ရွက်ရေး၊ နှစ်ရှည်သီးပင်များနှင့် ငရုတ်ကောင်းပင်များကို စနစ်တကျ စိုက်ပျိုးရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားကာအရာရှိ၊စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နယ်မြေခံတပ်ရင်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၁) ဘိလပ်မြေစက်ရုံ(မြိုင်ကလေး) ဧည့်ရိပ်သာသို့ ရောက်ရှိရာ ဧည့်ရိပ်သာခန်းမ၌ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးအောင်မင်းက စက်ရုံ လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး အမှတ်(၁)ဘိလပ်မြေစက်ရုံနှင့်အမှတ်(၂) တန်(၄၀၀) ဘိလပ်မြေစက်ရုံ(မြိုင်ကလေး)တို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘားအံနည်းပညာကောလိပ်သို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက်လုပ်မည့် လျာထားမြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေး၍တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့သည် ဘားအံတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်နှင့် ဆရာ၊ဆရာမကြီးများက ကြိုဆိုကြပြီး စီမံကိန်းရုံးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ယုဇနဆောက်လုပ်ရေးမှ ဦးဌေးမြင့်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးက တက္ကသိုလ်အဝင် ကတ္တရာလမ်း အဆိုပြုပုံစံနှင့် တက္ကသိုလ်အဝင် ကတ္တရာလမ်းတိုးချဲ့ဖောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်နှင့် တက္ကသိုလ်အဝင် ကတ္တရာလမ်းဖောက်လုပ်ရန် အဆိုပြုနေရာတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

* မြောက်တိုင်းလည်း မမြောက်နဲ့

မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ နှစ်ပတ်ကြာအခမဲ့ဖွင့်လှစ်ပြသမည်

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဩဂုတ် ၉ရက်မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်ပြသမည့် မြန်မာ့ရိုးရာတူရိယာပစ္စည်းများ ပြပွဲတွင် လီဆူးမျိုးနွယ်စုတို့၏ ရိုးရာတူရိယာများလည်း ပါဝင်မည် ဖြစ်သည်။ မြန်မာ့ဆိုင်းဝိုင်းကြီးကို တစ်နေ့တစ်ကြိမ် ပင်တိုင်ထား၍ အခြားပြည်နယ်၊တိုင်းများမှ တိုင်းရင်းသားလူမျိုးများ၏ တူရိယာများကိုလည်း ပြပွဲကာလအတွင်း နေ့စဉ်လက်တွေ့တီးမှုတ်ပြသမည်ဖြစ်သည်။ အများပြည်သူတို့ကို ဩဂုတ် ၉ ရက်မှစ၍ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅နာရီအထိ နှစ်ပတ်ကြာမျှ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။(သတင်းစဉ်)



လီဆူးဘူးသီးပလွေ

ကချင်ဘာသာဖြင့်DawRaw **ဟုခေါ်သည်။ဘူးခါးဘူးအရွယ်အမျိုးမျိုးကို လေအိုးအဖြစ်သုံးသည်။ ဝါးသံစုံကို လျှာခင်ထည့်၍ ဘူးခါးအတွင်းထည့်ကာ တီးမှုတ်ရသော လီဆူးတို့၏ လေမှုတ်တူရိယာဖြစ်သည်။ ရိုးရာတေးသီချင်းများကို တီးမှုတ်သည်။**

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
(က) ပထမနှစ် (အရှေ့တိုင်းပညာ)
(ခ) ပထမနှစ်(ဥပဒေပညာ)
၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင်ကြည်ဖြူပါမယ်ရှင် (အပိုင်း-၁)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း(အပိုင်း-၂)**
၂၂။ လူတွင်တစ်ယောက်ဆိုလောက်အောင် ထွန်းတောက်မည့်သူ
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော်(အပိုင်း-၅)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး။
(ဃ) မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။
(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လေးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၆

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၃ ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အောင်ဆန်းခန်းမဆောင်၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်ပိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဒုတိယပိုင်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ နယ်မြေခံအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် ရုံးချုပ်၏ လုပ်ငန်းလမ်းညွှန်မှာကြားချက်များ၊ ရုံးလုပ်ထုံးလုပ်နည်းများကို အသေးစိတ်ရှင်းလင်းမှာကြားသည်။ (အောက်ပုံ)

ဆက်လက်၍ မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းခန့်နှင့် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကြည်တို့က မြို့နယ်များအလိုက် ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းစဉ်များနှင့်ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

တင်ပြ ဆွေးနွေးချက်များအပေါ် နယ်မြေခံညွှန်ကြားရေးမှူး (ရုံးချုပ်)နှင့် မွန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးသိမ်းဆွေတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး အကြံပြုမှာကြားခဲ့သည်။ ညှိနှိုင်းအစည်းအဝေးသို့ မွန်ပြည်နယ်ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး အောင်မော်မော်၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေး အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ (၃၀၇)

အာဂုံဆောင်ရူပသိဒ္ဓိ စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုကြမည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များ လက်စွဲပြုရမည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အရှင်စန္ဒဓောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ် ရေးသားပြုစုထားသော ပထမငယ်တန်းအတွက် အထူးထုတ် အာဂုံဆောင် ရူပသိဒ္ဓိကျမ်းကို ရွှေတိဂုံဘုရားတောင်ဘက်မုခ် ဈေးတော်ရုံ အမှတ် ၁၉ ရွှေမီးအိမ်စာပေက မြန်မာတစ်ပြည်လုံးသို့ စတင်ဖြန့်ချိလိုက်သည်။ ယင်းစာအုပ်၌ မေးခွန်းမေးကွက်ကောင်းသော အဓိပ္ပာယ်များ၊ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ နှစ်ပေါင်း ၄၀ ကျော် ပုစ္ဆာအဖြေများပါရှိပြီး ရွှေတိဂုံဘုရားရှိ စာအုပ်ဆိုင်များ၊ မန္တလေးဈေးချိုတော်ရှိ စာအုပ်ဆိုင်များနှင့် ထွန်းဦးစာပေတို့တွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၆

၂၀၀၄ခုနှစ် မတ်၂၇ရက်တွင်ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွှန့်(ထီလာစစ်သူ) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ ပန်းချီ၊ပန်းပုပြိုင်ပွဲ ပြပွဲကျင်းပရေးဆပ်ကော်မတီက ပန်းချီ၊ပန်းပုပြိုင်ပွဲများကို စည်းကမ်းသတ်မှတ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ပန်းချီပြိုင်ပွဲကိုမူကြိုအဆင့်၊ မူလတန်း(အငယ်)အဆင့် (သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း(အကြီး)အဆင့် (တတိယတန်း၊စတုတ္ထတန်း)၊ အလယ်တန်းအဆင့် (ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း)၊ အထက်တန်းအဆင့်(နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးအထက်တန်းကျောင်းများ) နှင့် အလွတ်တန်းအဆင့်(တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၊ ရန်ကုန်/မန္တလေး ပန်းချီပန်းပုကျောင်းများ၊ ဝါသနာရှင် ပညာရှင်များ)ဟူ၍ အဆင့်(၆)ဆင့်ခွဲခြားယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့်တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့် ပန်းပု (သစ်သား) နှင့် အလွတ်တန်းအဆင့်ပန်းပု(ပလာစတာ)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်ကျောင်းသား ကျောင်းသူများ အားလုံးပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲတွင် မူကြိုအဆင့်နှင့်အခြေခံပညာအဆင့် အားလုံးတွင် ပြိုင်ပွဲဝင်ပန်းချီကား၏ အရွယ်အစားမှာ ၁၅လက်မ x ၂၀လက်မ အရွယ်ဖြစ်ပြီး နှစ်သက်ရာဆေး၊ နှစ်သက်ရာနည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်အပြည့်အစုံပါရှိရမည်ဖြစ်သည်။ ပန်းချီကားရှေ့တွင် လက်မှတ်တစ်စုံတစ်ရာ ရေးမှတ်ခြင်းမပြုဘဲ ပန်းချီကားနောက်ကျောတွင် အမည်၊ အတန်း၊ ကျောင်း၊ မြို့နယ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ နေရပ်လိပ်စာ အပြည့်အစုံဖော်ပြ၍ ၁½လက်မX၂လက်မ အရွယ်ဓာတ်ပုံ သုံးပုံ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

အလွတ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပန်းချီကားများကို ၂၀လက်မ x ၃၀လက်မအရွယ် ရေးဆွဲရမည်ဖြစ်ပြီး နှစ်သက်ရာဆေး၊ နှစ်သက်ရာပန်းချီရေးနည်းစနစ်ဖြင့်ယှဉ်ပြိုင်နိုင်သည်။ ပန်းချီကားရှေ့တွင် လက်မှတ်တစ်စုံ တစ်ရာရေးမှတ်ခြင်းမပြုဘဲနောက်ကျောဘက်တွင် ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ အမည်၊ နိုင်ငံသားမှတ်ပုံ တင်အမှတ်၊ မွေးနေ့သက္ကရာဇ်၊ အဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ အပြည့်အစုံဖော်ပြ၍ ၁½ လက်မ x ၂လက်မ အရွယ် ဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

အလွတ်တန်းပန်းပု(သစ်သား)နှင့် အလွတ်တန်းပန်းပု(ပလာစတာ)ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင် ပန်းပုလက်ရာများသည် အမြင့် ၃၆လက်မထက် မကျော်ရ၊ အောက်ခြေပတ်လည်၂၄လက်မထက်မကြီးစေဘဲ တပေါင်းတစည်းတည်း ထုလုပ်ထားမှုဖြစ်ရမည်ဖြစ်သည်။ နှစ်သက်ရာသစ်သား(သို့မဟုတ်)ပလာစတာဖြင့် ထုလုပ်နိုင်သည်။ ယခင်နှစ်များက ပြိုင်ပွဲ၊ ပြပွဲသို့တင်သွင်းဖူးသည့် ရုပ်တုမဖြစ်စေရ။ ဦးတည်ဖော်ကျူးရာ ခေါင်းစဉ်သတ်မှတ်ပေးနိုင်ပြီး ပြိုင်ပွဲဝင် ပန်းပု၏အောက်ခြေတွင် အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးနေ့သက္ကရာဇ်၊ အဖအမည်၊ နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြရမည်ဖြစ်သည်။ ၁½လက်မ x ၂လက်မ အရွယ်ဓာတ်ပုံသုံးပုံပူးတွဲလျက် ၂၀၀၄ ခုနှစ် မတ် ၁ရက်မှ ၃ရက်အတွင်း ဦးသစ်လွင်စိုး အတွင်းရေးမှူး ပန်းချီ၊ပန်းပု ပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်၁၂ရပ်၊ (၅၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာ ၁၂ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲ ထုလုပ်ကြရန်ဖြစ်သည်။

အလွတ်တန်းအဆင့်ပြိုင်ပွဲဝင် ပန်းချီ၊ပန်းပုလက်ရာများကို ၂၀၀၄ ခုနှစ် မတ် ၁ရက်နောက်ဆုံးထား၍ ဦးသန့်စင် အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အမှတ်(၁၈၇) ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၄ခုနှစ် မတ် ၁ရက်မှ ၅ရက်အတွင်း ဦးသစ်လွင်စိုး အတွင်းရေးမှူး ပန်းချီ၊ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာ ကျောင်းအသီးသီးမှ မူကြိုအဆင့်နှင့် အခြေခံပညာအဆင့်ပြိုင်ပွဲဝင်လက်ရာများအားလုံးကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် နောက်ဆုံးထား၍ လက်တွေ့ဖွံ့ဖြိုးမှုဌာနစု ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁၂၃)နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ပေးပို့ရန်ဖြစ်သည်။

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲဝင် လက်ရာများအပြင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတွင် ပန်းချီနှင့်ပန်းပု ရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီနှင့်ပန်းပုရုပ်တုများကို နိုင်ငံတော်၏ဦးတည်ချက် ၁၂ရပ်၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာ ၁၂ရပ် တို့ကို ဦးတည်ဖော်ညွှန်းရေးဆွဲထုလုပ်ရမည်ဖြစ်သည်။

မြန်မာ့တပ်မတော်နှင့် စစ်ရေးစစ်ရာအကြောင်းအရာများအပြင် "အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု" ဟူသော နိုင်ငံတော်နှင့်တပ်မတော်ကထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နေသည့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကိုလည်း ဖော်ကျူးရေးဆွဲထုလုပ်နိုင်ကြသည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို ၂၀၀၄ ခုနှစ် မတ် ၁ရက်မှ ၅ရက်အတွင်း ဦးသစ်လွင်စိုး အတွင်းရေးမှူး ပန်းချီ၊ ပန်းပု ပြိုင်ပွဲပြပွဲကျင်းပရေး ဆပ်ကော်မတီ တပ်မတော်ခန်းမဦးဝိစာရလမ်းသို့ တိုက်ရိုက်ပေးပို့ တင်သွင်းရန်ဖြစ်သည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၆

၂၀၀၃ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ယနေ့နံနက်၁၀နာရီက Raffles Recreation Centre ဘိလိယက်နှင့် စနူကာခန်းမ၌ ဆက်လက်ကျင်းပသည်။

ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဆောင်ဆောင်စိန်က ပဲခူးတိုင်းမှ ကြည်စိုးကို နှစ်ပွဲ၊ ပွဲမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းမှ ခင်မောင်ထွေးက စစ်ကိုင်းတိုင်းမှ ဝေဟင်မိုးကို နှစ်ပွဲ၊ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။ ဘိလိယက်အသင်းလိုက်ပြိုင်ပွဲကို ရန်ကုန်တိုင်းက ပဲခူးတိုင်းကို နှစ်ပွဲ၊ တစ်ပွဲဖြင့်နိုင်ပြီး စစ်ကိုင်းတိုင်းက မကွေးတိုင်းကို သုံးပွဲ၊ ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။စနူကာတစ်ဦးချင်းပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဝင်းသိန်းစိုးက ရှမ်းပြည်နယ်မှ အောင်မြင့်ကိုနှစ်ပွဲ၊ပွဲမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းမှ မင်းမင်းက မန္တလေး တိုင်းမှ သူရကိုနှစ်ပွဲ၊ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ ဘိုဘိုငြိမ်းက ပဲခူးတိုင်းမှ ဝင်းရှိန်ကို နှစ်ပွဲ၊ပွဲမရှိဖြင့်လည်းကောင်း၊ မကွေးတိုင်းမှ ခင်မောင်ဇော်က တနင်္သာရီတိုင်းမှ ကျော်မင်းစိုးကို နှစ်ပွဲ၊ ပွဲမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

ယနေ့ပွဲများ

ဘိလိယက်တစ်ဦးချင်း ပြိုင်ပွဲများ၊ အသင်းလိုက်ပြိုင်ပွဲများနှင့် စနူကာတစ်ဦးချင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

*** ချော့တိုင်းလည်း မပျော့နဲ့**

ဩဂုတ် ၆ရက်က ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ စာတည်းတာဝန်ခံ ဦးထိန်လင်းအောင် ခေါင်းဆောင်၍ မြန်မာ့သတင်းစဉ်(နိုင်ငံခြား)မှ စာတည်း ဦးအုန်းကျော် အဖွဲ့ဝင်အဖြစ်ပါဝင်သော မြန်မာသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ ပထမအကြိမ် အာဆီယံသတင်းစာဆရာများ၏ စင်ကာပူလေ့လာရေးခရီးစဉ်အတွက် လေကြောင်းခရီးဖြင့်ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၆

Europa International Education Academy မှ (Pre-Intermediate Level, Intermediate Level, Advance နှင့် Business Engilsh) တန်းခွဲများကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် သင်ကြားပို့ချပေးလျက်ရှိသည်။ ရန်ကုန်မြို့တွင် သင်တန်းအပတ်စဉ်၃၂၊၃၃နှင့် ၃၄ တို့ကို ဩဂုတ် ၁၂ရက်နှင့် စနေ-တနင်္ဂနွေ ပုံမှန်သင်တန်းများကိုဩဂုတ်၁၆ရက်၊မန္တလေးတွင်အပတ်စဉ်-၁၇၊ ၁၈၊ ၁၉နှင့် စနေ-တနင်္ဂနွေ ပုံမှန်သင်တန်းများကို ဩဂုတ် ၉ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများရန်ကုန်မြို့တွင်အမှတ်-၁၀၀၁ (၁၀ထပ်) သံဈေး ကွန်ဒိုစင်တာ လမ်းမတော်လမ်း လသာမြို့နယ်ဖုန်း-၀၁-၂၁၂၈၉၇နှင့် မန္တလေးမြို့တွင် (၇၈)လမ်း၊ (၃၃-၃၄လမ်း ကြား) ရတနာပုံဈေးသစ်ကြီး၊ ဒုတိယထပ် ဖုန်း-၀၂-၆၄၇၄၇ လိုင်းခွဲ(၅၀၁၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မော်တော်ယာဉ်တာယာကြီးများ ထုတ်လုပ်မှု

မွန်ပြည်နယ် သထုံမြို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်တင်ယာဉ်ကြီးများတွင်သုံးသော ၁၀၀၀ x ၂၀ နှင့် ၁၁၀၀ x ၂၀ အကြီးစား တာယာများနှင့် တာယာမျိုးစုံကို တစ်နှစ်လျှင် လုံးရေ နှစ်သိန်းကျော် ထုတ်လုပ်ပြီး ပြည်တွင်း ဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ (ယာပုံ) (ဓာတ်ပုံမှတ်တမ်း-စက်မှု-၂)



ငွေဆောင်လမ်း တိုးချဲ့ပြုပြင်

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့မှ ငွေဆောင်ကမ်းခြေအသွားလမ်း မိုင်တိုင် ၂၂ မိုင် ခြောက်ဖာလုံ အရောက် ရှောက်ပင်ချောင်ကျေးရွာ ရှောက်ပင်ချောင်လမ်းကွေ့တွင် မိုးရေတိုက်စားမှုဒဏ်ခံနိုင်စေရန် စက်ယန္တရားကြီးဖြင့် မြေသား သယ်ယူဖို့နေသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။ (အပေါ်ပုံ) [ဓာတ်ပုံမှတ်တမ်း-ငွေအောင်(ကြေးမုံ)]

ဓာတ်ပုံမှတ်တမ်း ငွေအောင်(ကြေးမုံ)၊ အောင်မိုး(ကြေးမုံ)နှင့် စက်မှု(၂)

နိုင်ငံတစ်ဝန်း

တည်ဆောက်ပြုပြင်

တိုးတက်စည်ပင်



စပါးခွံလောင်စာ ဓာတ်ငွေ့သုံး အင်ဂျင် ထုတ်လုပ်ရေးစက်ရုံ

ပုသိမ်မြို့ စက်မှုရပ်ကွက်(စီးပွားရေးဇုန်) ကနောင်လမ်းတွင် တည်ရှိပြီး စက်ရုံ၏ အကျယ် အဝန်း ဧရိယာ ၀ ဒသမ ၉ ဧကရှိသော ရော စွမ်းအား စပါးခွံလောင်စာ ဓာတ်ငွေ့သုံးအင်ဂျင် ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။ (အပေါ်ပုံ) [ဓာတ်ပုံမှတ်တမ်း-ငွေအောင်(ကြေးမုံ)]

သင်ပုန်းတမံ

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် တောင်ပုလုဆည်ကို ရေအကျူပေးနိုင်ရန်အတွက် ဆောက်လုပ်လျက်ရှိသည့် သင်ပုန်းရေလှောင်တမံ၌ ရေပိုလွှဲ တည်ဆောက်နေသည်ကို တွေ့ရစဉ်။ (ဝဲပုံ) [ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)]

ဒီဇယ်စက်ခေါင်းများ၊ ခရီးတိုသွား တွဲဆိုင်းများ အောင်မြင်စွာ တီထွင်ထုတ်လုပ်ပေးနေသည့် အင်းစိန် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ

စမ်းသပ်မောင်းနှင်

မြန်မာ့မီးရထား(အင်းစိန်)စက်ခေါင်းစက်ရုံက တီထွင်တည်ဆောက်ခဲ့သော ခရီးတိုသွား DMU-303တွဲဆိုင်းဖြစ်သည်။ (အဆိုပါ တွဲဆိုင်းမှာ တည်ဆောက်ပြီးဖြစ်၍ စမ်းသပ်မောင်းနှင်လျက်ရှိသည်။ မကြာမီ သင့်လျော်သော လမ်းပိုင်းသို့ ပို့ဆောင်၍ ပြေးဆွဲသွားမည်ဟု သိရသည်။)

(ဓာတ်ပုံ-ရေချမ်းမြင့်)

သတင်းဆောင်းပါး—ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်း—ရေချမ်းမြင့်

ရန်ကုန် ဩဂုတ် ၆

(ယမန်နေ့မှအဆက်)

မြန်မာ့မီးရထား၌ ယနေ့လက်ဝယ်တွင် ဒီဇယ်စက်ခေါင်း ၂၉၁ လုံးရှိပြီး သယ်ယူပို့ဆောင်မှုလုပ်ငန်းများအတွက် ရထားပြေးဆွဲလုပ်ကိုင်ရန် လိုအပ်သည့် လမ်းပိုင်းအလိုက် သက်ဆိုင်သည့် တိုင်းများရှိ စက်ရုံအသီးသီးသို့ ဒီဇယ်စက်ခေါင်း ၁၉၄ လုံးကို ပို့ဆောင်ထားရှိအသုံးပြုထားသည်။

တိုင်းစက်ရုံခွဲများ

အဆိုပါထားရှိအသုံးပြုသည့် စက်ခေါင်းများအား ပြင်ဆင်မွမ်းမံမှုဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ နေ့စဉ်စစ်ဆေးခြင်းလုပ်ငန်း၊ ပြေးဆွဲပြီး မိုင်နှင့် နာရီအပေါ်အခြေခံ၍ (က-ခ-ဂ-ဃ)အဆင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာတိုင်းစက်ရုံခွဲများတွင် ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။ ဒီဇယ်စက်ခေါင်းများအလတ်တန်း ပြင်ဆင်ခြင်း၊ အကြီးတန်းပြင်ဆင်ခြင်းလုပ်ငန်းတို့ကိုမူ စက်ခေါင်းစက်ရုံ(ရွာထောင်)နှင့် စက်ခေါင်းစက်ရုံ (အင်းစိန်)တို့၌သာ လက်ရှိပြင်ဆင် ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

အင်းစိန် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံသည် ၁၉၈၁-၈၂ ခုနှစ်မှစ၍ ဒီဇယ်စက်ခေါင်းပြင်ဆင်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်ခဲ့ပြီး အထူးသဖြင့် ဒီဇယ်လျှပ်စစ်စက်ခေါင်းများ ပြင်ဆင်မှုပြုနိုင်ရန် အတွက် ၁၉၈၀-၈၁ ခုနှစ်မှစ၍ ပြင်သစ်နိုင်ငံမှ စက်ကိရိယာများနှင့် ကျွမ်းကျင်မှု အကူအညီများကို ၁၉၉၀-၉၁ ခုနှစ်အထိ ရယူဆောင်ရွက်လုပ်ကိုင်ခဲ့ရာ ၁၉၈၆-၈၇ ခုနှစ်တွင် ဂျပန်နိုင်ငံ အိုအီးစီအက်(ဖ်) အကူအညီဖြင့် ဒီဇယ်ဟိုက်ဒရောလစ် စက်ခေါင်းငါးလုံး အသစ်တပ်ဆင် တည်ဆောက်မှုလုပ်ငန်း၊ အိုအီးစီအက်(ဖ်)အကူအညီဖြင့် ယင်းဒီဇယ်အင်ဂျင်အရန်စက်များနှင့် ကုန်ကြမ်းပစ္စည်းမှာယူ၍ စက်ခေါင်းအောက်ခံသံပေါင်မှအစ ပြည်တွင်းတွင် အသစ်တည်ဆောက် ခြင်းလုပ်ငန်းကို ဂျပန်နိုင်ငံမှ ကျွမ်းကျင်သူ အင်ဂျင်နီယာများနှင့် မြန်မာအင်ဂျင်နီယာများ ပူးပေါင်း၍ လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ခဲ့သည်ဟုသိရသည်။

ထုတ်နိုင်စွမ်း

အင်းစိန်စက်ခေါင်းစက်ရုံတွင် ဒီဇယ်စက်ခေါင်းတစ်လုံး အသစ်တည်ဆောက်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းနှင့် သက်တမ်းဝက်ပြင်ဆင်ခြင်းအတွက် အချိန်ကာလအားဖြင့် အလုပ်လုပ်ရက်ပေါင်း ၁၁၀ သို့မဟုတ် ငါးလ၊စွမ်းအား မြှင့်တင်ခြင်းအတွက် အလုပ်လုပ်ရက်ပေါင်း ၆၆ ရက် သို့မဟုတ် သုံးလ၊ အကြီးတန်းပြင်ဆင်ခြင်းအတွက် အလုပ်လုပ်ရက်ပေါင်း ၄၅ ရက် သို့မဟုတ် နှစ်လအတွင်း ပြီးစီးအောင် ထုတ်နိုင်စွမ်းရှိသည့် စက်ရုံဖြစ်သည်။

နိုင်ငံခြားငွေသက်သာ

ဒီဇယ်ခေါင်းတစ်လုံးအား နိုင်ငံခြားမှ ဝယ်ယူပါက မြင်းကောင်ရေ ၁၆၀၀ အား စက်ခေါင်းတစ်လုံး ပျမ်းမျှကျပ်သန်း ၁၄ သန်း၊ မြင်းကောင်ရေ ၁၂၀၀ အား စက်ခေါင်းတစ်လုံးအတွက် ပျမ်းမျှကျပ်သန်း ၁၂ သန်း၊ မြင်းကောင်ရေ ၅၀၀ အား စက်ခေါင်းတစ်လုံးအတွက် ပျမ်းမျှကျပ်သန်း ခြောက်သန်းခန့် ဈေးရှိ၍ ပြည်တွင်းတွင် ပြန်လည်တည်ဆောက်ပါက မြင်းကောင်ရေ ၁၆၀၀ အား စက်ခေါင်းတစ်လုံးကျပ်ရှစ်သန်း၊ မြင်းကောင်ရေ ၁၂၀၀ အား စက်ခေါင်းတစ်လုံး ကျပ်ခုနစ်သန်းနှင့် မြင်းကောင်ရေ ၅၀၀ အား စက်ခေါင်းတစ်လုံး ကျပ် ငါးသန်းခန့်သာ ကုန်ကျနိုင်သဖြင့် ပြည်တွင်းတွင် တည်ဆောက်မှုလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေ ကုန်ကျမှုသက်သာပြီး နိုင်ငံတော်အတွက်လည်း များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

ယူအင်ဒီပီကမ္ဘာ့ဘဏ် စီမံကိန်းအကူအညီဖြင့် ၁၉၉၂ ခုနှစ် ဇွန်လမှစ၍ ဘယ်လ်ဂျီယံနိုင်ငံ ထရန်ဆပ်(တ)အဖွဲ့အစည်းမှ ကျွမ်းကျင်ပုဂ္ဂိုလ်တစ်ဦးသည် အင်းစိန်စက်ခေါင်းစက်ရုံ ခေတ်မီတိုးတက်ရေး အတွက် ၁၂ လကြာနေထိုင်လေ့လာပြီး အကြံပြုစာတမ်းများရေးသား အကြံပြုခြင်းများဖြင့် ဒီဇယ်စက်ခေါင်းများပြုပြင်ရေးလုပ်ငန်းတွင်ပိုမိုလျင်မြန်လွယ်ကူမှုအကျိုးရှိစေခဲ့သည်ဟုသိရသည်။

ပြုပြင်နိုင်ခဲ့

ဒီဇယ်စက်ခေါင်းများပြေးဆွဲရာတွင် ဒီဇယ်အင်ဂျင်မှ ထုတ်လိုက်သော စွမ်းအားဖြင့်ဂျင်နရေတာအား လည်ပတ်စေပြီး ၎င်းမှရရှိသော လျှပ်စစ်ဓာတ်အားဖြင့် ထရက်ရှင်မော်တာများကို လည်ပတ်ခြင်းဖြင့် စက်ခေါင်းရွေ့လျားရသောကြောင့် ထရက်ရှင်မော်တာများ ပြုပြင်ထိန်းသိမ်းမှုသည် အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ယခင်ကလိုအပ်သောအရန်ပစ္စည်းများကို နိုင်ငံခြားမှဝယ်ယူပြီး လဲလှယ်ပြုပြင်သည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့သည်ဆို၏။ ၁၉၉၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် အမေရိကန်ဒေါ်လာ နှစ်သန်းတန်ဖိုးရှိ ထရက်ရှင်မော်တာ ပြန်လည်မွမ်းမံ တည်ဆောက်သည့် စက်ရုံခွဲတစ်ရုံကို အင်းစိန်စက်ခေါင်းစက်ရုံ၌ တည်ထောင်ပြီး အိန္ဒိယနိုင်ငံ ရိုက်တိုမက်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ စက်ကိရိယာများနှင့် ကျွမ်းကျင်မှု အကူအညီများရယူကာ ထရက်ရှင်မော်တာများကို နိုင်ငံခြားမှကုန်ကြမ်းဝယ်ယူပြီး အရည်အသွေး အဆင့်အတန်းမီအောင် ပြုပြင်နိုင်ခဲ့သည်ဟုသိရသည်။

အောင်မြင်သည့်စက်ရုံ

အင်းစိန်စက်ခေါင်းစက်ရုံသည် မြန်မာ့မီးရထား၏ စီမံကိန်းစက်ရုံတစ်ရုံဖြစ်ပြီး ခေတ်မီနည်းစနစ်များဖြင့် အရည်အသွေး တိုးတက်ကောင်းမွန်ပြီး ကြံ့ခိုင်စွမ်းရည်ပြည့်ဝသော ဒီဇယ်စက်ခေါင်းများကိုထုတ်လုပ်ခြင်း၊ DMU တွဲဆိုင်းများထုတ်လုပ်ခြင်းနှင့် ရထားစက်ခေါင်းအရန်ပစ္စည်းများကို အောင်မြင်စွာထုတ်လုပ်နေသည့် စက်ရုံဖြစ်ပါကြောင်းကို လေ့လာရေးသားဖော်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)

ဝန်ချီကရိန်းဖြင့် သယ်ယူ

မြန်မာ့မီးရထား(အင်းစိန်)စက်ခေါင်းစက်ရုံတွင်သက်တမ်းကုန်တိုက်စားသွားသော မီးရထားစက်ခေါင်း သံဘီးများကို ပြန်လည်အစားထိုးပြုပြင်ရန်အတွက် စက်ခေါင်းစက်ရုံဝန်ထမ်းများက ဝန်ချီကရိန်း အကူအညီဖြင့် စက်ရုံတွင်း လိုအပ်သည့်နေရာသို့ သယ်ယူနေကြသည်ကို ဤသို့တွေ့ခဲ့ရသည်။

(ဓာတ်ပုံ-ရေချမ်းမြင့်)

အကြီးစားပြင်ဆင်ဆောင်ရွက်

မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)တွင် မီးရထားစက်ခေါင်းများ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းကို စက်ရုံအတွင်း စက်ပြင်အင်ဂျင်နီယာနှင့် ကျွမ်းကျင်ဝန်ထမ်းများက ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို ဤသို့တွေ့ခဲ့ရသည်။

(ဓာတ်ပုံ-ရေချမ်းမြင့်)

ရန်အောင်မြင် ဆုတောင်းပြည့်စေတီတော်ကြီး ရွှေထီးတော် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့ နဝင်းနယ်မြေ ဖိုးခေါင်ရပ်ရှိ ပျက်စီးယိုယွင်းလျက်ရှိသော "မပိုတစ်ထောင် ဗိုလ်တထောင်" ရန်အောင်မြင်ဆုတောင်းပြည့် ရှေးဟောင်းစေတီတော်ကြီးအတွက် လိုအပ်လျက်ရှိသော ရွှေထီးတော်အလှူငွေပေးအပ်ပွဲကို ၁၃၆၅-ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်(စနေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)(၂၉)ရပ်ကွက် စောရန်ပိုင်လမ်း အမှတ်(၇၃၅)တွင် ကျင်းပမည်ဖြစ်ရာ သာသနာတော်ကို ကြည်ညိုသော အားဖြင့် ကြွရောက်ကြပြီး ဝမ်းမြောက်အနုမောဒနာပြု သာဓုခေါ်မည့်အကြောင်း အလှူရှင်မိသားစုများက မေတ္တာဖြင့် ဖိတ်ကြားထားသည်။ (က-ပ)

ကို(တက္ကသိုလ်)၏ ဝတ္ထုတိုပေါင်းချုပ် စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၆

အမျိုးသားစာပေဆုရစာရေးဆရာ ကို(တက္ကသိုလ်)၏ ဝတ္ထုတို(၁၄)ပုဒ်ကို စုစည်းလျက် "ရွာပြန်တော့လည်း မပွင့်သာ ပွင့်ပြန်တော့လည်း မပန်သာ"နှင့် အခြားဝတ္ထုတိုများစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က စုစည်းစီစဉ် ထုတ်ဝေလိုက်သည်။ ပန်းချီနိုပိုဦး၏ လှပသော မျက်နှာဖုံး ပန်းချီလက်ရာဖြင့်စာမျက်နှာ ၃၀၀ ကျော်ပါဝင်သော အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၇၀၀ဖြင့် ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ် အရောင်းဆိုင်နှင့် အခြား စာအုပ်ဆိုင်များ၊ မန္တလေးမြို့ ထွန်းဦးစာပေနှင့် နဂါးစာပေတို့တွင် ဝယ်ယူရရှိနိုင်သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ရှမ်းပြည်နယ် သမဝါယမဈေးပွဲတော် ညောင်ရွှေမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

ရှမ်းပြည်နယ် သမဝါယမဈေးပွဲတော်အား ရှမ်းပြည်နယ် ညောင်ရွှေမြို့ အလက(၂) စုဝေးကွင်းတွင် စက်တင်ဘာ၃၀ရက်မှ အောက်တိုဘာ ၄ရက်အထိ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်အတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးခွင့်ပြုမှု၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနနှင့် ရွှေရည်လွှင် အထွေထွေ စီးပွားရေး လုပ်ငန်း သမဝါယမအသင်း လီမိတက်တို့ ပူးပေါင်းစီစဉ်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

လူသုံးအိမ်သုံး

ရှမ်းပြည်နယ် သမဝါယမ ဈေးပွဲတော်အား ညောင်ရွှေမြို့၏ စည်ကားခမ်းနားမှု အရှိဆုံးအချိန်ကာလ၌ အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ခမ်းနားစွာ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းဈေးပွဲတော်ကြီး၌ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများ၊ သမဝါယမထုတ်ကုန်များ၊ လက်မှုပညာထုတ်ကုန်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သွင်းကုန်ထုတ်ကုန်များ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အချိုရည်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ၊ မီးဖိုချောင်သုံး ကုန်ပစ္စည်းများ၊ ကော်ဖီမစ်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ၊ အမျိုးသမီးဝတ်ဖက်ရှင်ဒီဇိုင်း၊အမျိုးသားဝတ် အင်္ကျီဘောင်းဘီများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဒေသတွင်းထွက်ကုန်များ၊ လူနေမှုအဆင့်အတန်းမြင့် လူသုံးအိမ်သုံးပစ္စည်းများ၊ ပြည်ပသွင်းကုန် အစားထိုး ပြည်တွင်းထုတ်ကုန်ပစ္စည်းများစုံလင်စွာ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ဝင်ကြေးမရှိ

အဆိုပါဈေးပွဲတော်ကြီးအား နံနက်၉နာရီမှ ည၉နာရီအထိ ငါးရက်တိုင်တိုင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး မည်သူမဆိုဝင်ကြေးမရှိအခမဲ့ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်ကြမည်ဖြစ်သည်။ ဈေးပွဲတော်လာ ဧည့်သည်များအား အရောင်းပြခန်းများမှ ကံစမ်းမဲများ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ အထူးဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်သည်။ ဖျော်ဖြေရေး အစီအစဉ်များအား ရောင်းအားမြှင့်တင်ရေး သရုပ်ဆောင်များ၏ ကြော်ငြာသရုပ်ဖော်အစီအစဉ်များ၊ ပရိသတ်အကြိုက် အစီအစဉ်များနှင့် နေ့စဉ်ဖျော်ဖြေပေးမည်ဖြစ်သည်။

ပါဝင်ပြသရောင်းချရန် စိတ်ပါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များသည် အရောင်းပြခန်းများ နေရာချထားရေးအဖွဲ့ နေလကော်မာရှယ် ကုမ္ပဏီလီမိတက်ရုံးခန်း အမှတ်၂၅၊ ၁၀၁လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၀၁၄၆ မှတစ်ဆင့် အမြန်ဆုံး ကြိုတင်ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က-ပ)

လွှဲပြောင်းပေးအပ်

ဩဂုတ် ၆ရက်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းသို့ ဆိုက်ကားအစီး ၂၀လှူဒါန်းခြင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာနေဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။ (မူးယစ်ဗဟို)

LCCI စာရင်းကိုင် သင်တန်းတက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၆

တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ထားသူများ အခြေခံစာရင်းကိုင်ပညာ LCCI စာရင်းကိုင်ပညာရပ် လေ့လာလိုသူများအတွက် အမှတ်(၂၆၈)ဒုတိယထပ် ပန်းဆိုးတန်း (အထက်)တွင် ဖွင့်လှစ်ထားသော ဆရာဦးအောင်နိုင်၏ LCCI Training Centreတွင် LCCI Level I.II စာရင်းကိုင်သင်တန်းသစ်ကို ဩဂုတ် ၁၃ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် ဖုန်း-၇၂၁၁၄၃၊ ၀၉၅၀-၂၀၅၂၈နှင့်သင်တန်းခန်းမသို့ဆက်သွယ် စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ မိတ္ထီလာနှင့် မော်လမြိုင်မြို့များတွင် ကုန်စည်ပြပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေး ဦးတည်ချက်(၄)ရပ်မှ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာစေရေးကို အဓိက အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ လည်းကောင်း၊ ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်း အရည်အသွေးမြင့်မားလာစေရန် ရည်ရွယ်၍ Alpha Group သည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်တို့၏ ကူညီပံ့ပိုးမှုဖြင့် "မြစ်ကြီးနား ကုန်စည်ပြပွဲ ၂၀၀၃"ကို မြစ်ကြီးနားမြို့ မိုးလုံလေလုံ အားကစားခန်းမတွင် စက်တင်ဘာ ၇ရက်မှ ၁၁ရက်အထိ လည်းကောင်း၊ "ဗန်းမော် ကုန်စည်ပြပွဲ-၂၀၀၃"ကို ဗန်းမော်မြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ၁၇ရက်မှ ၂၁ရက်အထိလည်းကောင်း၊ "မန္တလေး ကုန်စည်ပြပွဲ-၂၀၀၃"ကိုမန္တလေးမြို့ ဈေးချိုအနီးရှိ မန်းသီရိ ဈေးတွင် စက်တင်ဘာ ၂၆ရက်မှ ၃၀ရက် အထိလည်းကောင်း၊ "မိတ္ထီလာကုန်စည်ပြပွဲ - ၂၀၀၃ကို မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင်အောက်တိုဘာ ၂ရက်မှ ၆ရက်အထိ လည်းကောင်း၊ "မော်လမြိုင်ကုန်စည်ပြပွဲ-၂၀၀၃"ကို မော်လမြိုင်မြို့ မြိုင်ရတနာ လေးထပ်ဈေးကြီးတွင် အောက်တိုဘာ၂၅ရက်မှ ၂၉ရက်အထိ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်ရောင်းချ

အဆိုပါပြပွဲများ၌ အလှကုန်ပစ္စည်း အမျိုးမျိုး၊ စိုက်ပျိုးမွေးမြူရေးသုံး ဆေးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ် အီလက်ထရောနစ်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ သောက်ရေသန့်စက်နှင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးဝါးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလက်မှု လုပ်ငန်းသုံးစက်ပစ္စည်း အမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ သတင်းနှင့်နည်းပညာဆိုင်ရာ ပြခန်းများ၊ ပညာရေးဝန်ဆောင်မှု ပြခန်းများ၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းများ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

ပြပွဲလာပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကိုလက်တွေ့သရုပ်ပြသ ကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို နေ့စဉ်အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး အဆိုပါကုန်စည်ပြပွဲများတွင် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

မိမိတို့၏ အရည်အသွေး စံချိန်မီထုတ်လုပ်ထားသော အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချ လိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ ပုဂ္ဂလိကတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အတတ်ပညာရှင်များအနေဖြင့် Alpha Group ဖုန်း-၀၉၅၀၀၀၂၄၀နှင့် ၇၀၁၂၁၅ တို့သို့ ဆက်သွယ်စုံစမ်း ဝင်ရောက်ပြသနိုင်ကြောင်းသိရသည်။

(က-ပ)

7 Day News ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၀)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၆

ယာဉ်လိုင်းများ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား စာနယ်ဇင်းများတွင် ပုံနှင့်တကွဖော်ပြခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်။ စိတ်ကျရောဂါသည် ကမ္ဘာပေါ်၌ ဒုတိယအဖြစ်အများဆုံးနေရာ ရောက်လာမည်၊ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကို မြန်မာ့ဆေးပညာရှင်များ နှီးနှောဆွေးနွေး၊ မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌနှင့်တွေ့ဆုံခြင်း၊ မင်းစုံတောင်ဘေးမဲ့တော ကြယ်လိပ်မွေးမြူရေးအောင်မြင်စသည့် ပြည်တွင်းရေးရာသတင်းထူးသတင်းဦးများဝေဝေဆာဆာဖြင့် 7 Day News ဂျာနယ်အတွဲ(၂) အမှတ်(၂၀)ထွက်ရှိသည်။**(အပေါ်ယာပုံ)**

အချစ်ပိုးလိပ်ခုံးကား နောက်ဆုံးအစီးထုတ်လုပ်မှုသမိုင်းဝင်ပြတိုက်သို့ တိုက်ရိုက်မောင်းပို့၊ ဒေဝီညီ(သို့မဟုတ်) ကျားမထွက်ရည ကြေညာ၊ စိန်၏ဇာတိကိုဖော်ထုတ်သည့် နည်းပညာဖန်တီးနိုင်ပြီစသည့်နိုင်ငံတကာရေးရာ သတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ စီးပွားရေး၊အားကစားနှင့် နိုင်ငံတကာဖျော်ဖြေရေးစုံလင်စွာဖြင့် 7 Day Newsဂျာနယ်၏ ခံ့ညားသောမှုအတိုင်း e-Empire Media House ဖုန်း-၇၀၃၈၀၃ က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

(က-ပ)

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၆

ဆရာတိုနီ ဦးစီးသော OBF Language Centre တွင် အင်္ဂလိပ်စာကို စနစ်တကျတတ်ကျွမ်းလိုသူများအတွက် နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့် Exam များဖြစ်သော IELTS, TOEFL(Twe)နှင့် အင်္ဂလိပ်စကားပြော သင်တန်းများ Grammar Interaction General English Courses, All Round Development Course(Speaking-Writing-Listening-Reading),Foreign Going Englishအစရှိသည့် သင်တန်းများကို ဆရာတိုနီကိုယ်တိုင် သင်ကြားပေးမည်ဖြစ်သည်။ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်လျက်ရှိရာ သင်တန်းတက်ရောက်လိုသူများ OBF Language Centreအမှတ် ၂၃၃၊၃၅လမ်း အထက်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၆၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဇူလိုင် ၂၇ ရက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အထကတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်း၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (က-ပ)

မုံရွာမြို့တွင် မိုင်းသုံးလုံးပေါက်ကွဲမှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော်အစိုးရသည် ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို ဦးထိပ်ရွက်၍ ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သော ဆန့်ကျင်ဘက်အဖွဲ့အစည်းများ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာအေးချမ်း သာယာရေးကိုနှောင့်ယှက်ခြင်း၊ အဖျက်အမှောက်လုပ်ငန်းများပြုလုပ်ခြင်းတို့ကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ရက် နံနက် ၈နာရီကျော် အချိန်တွင် မုံရွာမြို့ရုံးကြီးရပ်ကွက်တာရိုးဘေးတစ်ဝိုက် နေရာသုံးနေရာ၌ မိုင်းသုံးလုံး ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးဒဏ်ရာရရှိမှုမရှိကြောင်းသိရသည်။

နိုင်ငံတော် အစိုးရကို ဆန့်ကျင်လျက်ရှိသည့် ပြည်ပရောက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်တွင်းသို့ ဖောက်ခွဲရေးသမားများ စေလွှတ်၍ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရေး၊ အကြောင်းမဲ့ သေကြေပျက်စီးစေရန်အတွက် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး လုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ဆောင်နေကြောင်း သက်ဆိုင်ရာက ကြိုတင်သတင်းများရရှိခဲ့ပြီးဖြစ်ရာ အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်မှာလည်း ပြည်ပနိုင်ငံများရှိ ကျောင်းသား အမည်ခံ ABSDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ လက်ကျန်အဖွဲ့တို့က ပူးပေါင်းစီစဉ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

ခြောက်တိုင်းလည်း မကြောက်နဲ့

ဆင်းရှေလီစပါး စီမံချက်ပြည့်မီရေး — သီပေါမြို့နယ်တွင် စုပေါင်းကောက်စိုက်

သီပေါ ဩဂုတ် ၁

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးရာသီ၌ ဆင်းရှေလီ အထူးအထွက်တိုးစပါး စီမံချက်ပြည့်မီစွာ စိုက်ပျိုးရေးအတွက် စုပေါင်းကောက်စိုက်ပွဲကို ဇူလိုင် ၂၂ ရက် နံနက်က တိန်းချေတိန်းစံကွင်းတွင် ကျင်းပသည်။

စုပေါင်းကောက်စိုက်ပွဲသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေသိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွန်း၊ မြို့နယ်အဖွဲ့ဝင်(၂) ဦးလှဌေးဝင်း၊ ကျေးရွာစိုက်/ကြပ်စခန်းတာဝန်ခံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တိန်းချေတိန်းစံကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတက်လူနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး/မြေစာရင်းဦးစီးဌာနမှ ကွင်းတာဝန်ခံများ၊ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြပြီး ပျိုးနုတ်ခြင်းနှင့် ကောက်စိုက်လုပ်ငန်းများကို ပါဝင်ဆောင်ရွက်ကြသည်။ (၂၄၇)

ရေတော်မိုးတော် မိုးစပါး စိုက်ပျိုး

စိုက်ပျိုးရေးသိပ္ပံ(သထုံ) မှ လယ်ယာသီးနှံဌာနမှူး ကထိက ဦးသန်းဌေးအောင် ဦးဆောင်သည့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား၊ ကျောင်းသူများ ဇူလိုင် ၃၁ ရက်က ကျောင်းပိုင်လယ်မြေဧက ၄၀ တွင် ရေတော်မိုးတော် မိုးစပါး စုပေါင်း စိုက်ပျိုးကြစဉ်။ (က-ပ)

ချောက်မြို့နယ် ဆူးတပ်ကျေးရွာ အမက ကျောင်းဆောင်သစ်ဆောက်ရန် ကျပ်သိန်း ၁၀၀ လှူဒါန်း

ချောက် ဩဂုတ် ၂

မန္တလေးမြို့ အောင်တော်မူရပ် အမှတ်(၄၁) (၂၆-၆၆)လမ်းထောင့်နေ သီဟသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးသိန်းမောင်-ဒေါ်သန်းကြည်(မြသုံးလုံး) မိသားစုက ချောက်မြို့နယ် သစ်တိုကန်ကျေးရွာအုပ်စု ဆူးတပ်ကျေးရွာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၁၀၀၊ အမှတ် (၁)အခြေခံပညာအလယ်တန်းကျောင်း အထက(ခွဲ) ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းပွဲကို ချောက်မြို့ အမှတ်(၉)နယ်မြေ(မြသုံးလုံး) မိသားစုနေအိမ်တွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပေးအပ်လှူဒါန်း

အလှူငွေ ပေးအပ်ပွဲတွင် ဆူးတပ်ကျေးရွာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ကျပ်သိန်း ၁၀၀ကို မြသုံးလုံးမိသားစု ဦးသိန်းမောင်က ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း အထက(ခွဲ) ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်တစ်သိန်းကို ဦးသိန်းမောင်က ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်ရီက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ဦးသိန်းမောင်မိသားစုက ပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာနေဝင်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အမှတ်တရအလံ

တက္ကသိုလ်အချင်းချင်း ပညာရပ်ဖလှယ်ခြင်း လှေလှော်ရေးအစီအစဉ်ဖြင့် ဇူလိုင် ၂၆ ရက် နံနက်က မအူပင်တက္ကသိုလ်သို့ ရောက်ရှိလာသော တောင်ကြီးတက္ကသိုလ် သတ္တဗေဒအသင်းမှ လှေလှော်ရေးအဖွဲ့ ခေါင်းဆောင် သတ္တဗေဒပါမောက္ခ ဒေါ်နုနုစံက လှေလှော်ရေးအမှတ်တရအလံကို မအူပင်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဦးစောဝင်းသို့ ပေးအပ်စဉ်။ (၃၅၉)

ကျေးလက်အိမ်ရာ ဆောက်လုပ်ရန် ပန္နက်တင်မြေသန့် မိုးကောင်းမြို့နယ်တွင် အိမ်ရာ၅၇လုံး ဆောက်လုပ်ပေးမည်

မိုးကောင်း ဇူလိုင် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ကျေးလက်အိမ်ရာစီမံကိန်းအရ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တောင်နီ ကျေးရွာအုပ်စုတွင် တန်ဖိုးနည်းကျေးလက်အိမ်ရာများ ဆောက်လုပ်ရန် ပန္နက်တင်မြေသန့်မင်္ဂလာ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်က ဦးဆန်းဦးမိသားစုပိုင် မြေနေရာနှင့် ဦးထွန်းမြိုင်မိသားစုပိုင် မြေနေရာများ၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူးဦးအေးမြင့်နှင့်ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ပန္နက်စတင် ရိုက်ပေးကြသည်။ ကျေးရွာအုပ်စုနေ ပြည်သူများ၏ ဆန္ဒပြုတင်ပြချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တောင်နီကျေးရွာအုပ်စုတွင် တန်ဖိုးနည်းကျေးလက်အိမ်ရာ ၅၇လုံးဆောက်လုပ်ပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။ (၄၉၉)

ယာဉ်အန္တရာယ် ကြိုတင်ကာကွယ်ရေး ကျောက်မဲမြို့တွင် ပညာပေးဟောပြော

ကျောက်မဲ ဇူလိုင် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ပညာပေးဟောပြောပွဲများကို ဇူလိုင် ၂၅ ရက် နံနက်က ကျင်းပသည်။

ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ဒု-လက်ထောက်အင်ဂျင်နီယာ ဦးစန်းမောင်ကလည်းကောင်း၊ အမှတ်(၁) အခြေခံပညာထက်တန်းကျောင်း သီရိရတနာခန်းမတွင် ဒု-ဦးစီးမှူး ဦးဖိုလ်ဝင်းကလည်းကောင်း ကျောင်းသား၊ ကျောင်းသူများအား ယာဉ်အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာဆောင်ရွက်ရေး ပညာပေးဟောပြောကြသည်။ (၂၃၆)

သစ်ပင်စိုက်ပွဲတော် ချောင်းဆုံတွင် ကျင်းပ

ချောင်းဆုံ ဇူလိုင် ၂၆

၂၀၀၁ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းစိုးနှင့် စည်ပင်ဝန်ထမ်းများ၊ ပြည်သူများ စုပေါင်း၍ မြို့နယ်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ဇူလိုင် ၂၁ ရက်က တိုးချဲ့ရပ်ကွက် လမ်းဘေးဝဲယာနှင့် ကားလမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရအပင် ၄၀၀နှင့် ပန်းအလှပင် ၃၀၀တို့ကို စိုက်ပျိုးကြသည်။ (၄၁၄)

မြို့နယ်သတင်းများ

လှိုင်းဘွဲ့မြို့ (ဃ)ရပ်ကွက်ကုန်သည်လမ်းနေ ဦးဝင်းအောင်-ဒေါ်ခင်ခင်ဝင်းမိသားစုက လှိုင်းဘွဲ့မြို့ အထက Language Labအတွက် အလှူငွေကျပ် ၁၀ သိန်းကို ဇူလိုင် ၁၈ ရက်က လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးစောဖရန့်စစ်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဘိုသန်းတို့က လက်ခံရယူစဉ်။ (မြို့နယ်ပြန်/ဆက်)



နယ်လှည့်စာကြည့်တိုက် နတ်မောက်၌ ဖွင့်လှစ်ပြသ

နတ်မောက် ဇူလိုင် ၃၀

မကွေးတိုင်း နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ မှတ်တမ်းတင် ဗီဒီယိုပြသခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားများကို မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေနှင့်ဝန်ထမ်းများသည် ဇူလိုင် ၂၃ရက်မှ ၂၇ရက် အထိ ပ-ကျားထူး၊ ရွာမွန်၊ လေးအိမ်၊ အိုင်ဇောက်နှင့် စည်သာ ကျေးရွာအုပ်စုများသို့ သွားရောက်ဖွင့်လှစ်ပြသခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

သင်ကြားပြသ

ပုသိမ်မြို့ အမျိုးသမီးစီးပွား ရေးစွမ်းဆောင်ရှင်များအသင်း၏ အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်း အပ်ချုပ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးလွင်နှင့် အမှုဆောင်များက သင်တန်းသူများအား လက်တွေ့သင်ကြားပြသကြစဉ်။ (၁၆၅)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ ကြော်ငြာလုပ်ငန်းကျွမ်းကျင်သူ ကျား/မ (၁) ဦး
၂။ အရောင်းမြှင့်တင်ရေး ကျား (၂) ဦး
၃။ မော်တော်ယာဉ်ကြီးကြပ်ရေးမှူး ကျား (၁) ဦး

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။ အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း ကြော်ငြာလုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရမည်။
အမှတ်စဉ်(၂)အတွက် (၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရာတွင် အတွေ့အကြုံရှိသူဖြစ်ရမည်။
အမှတ်စဉ်(၃)အတွက် အသက်(၄၀)နှစ်မှ (၅၀)နှစ်အတွင်း လုပ်ငန်းအတွေ့အကြုံ ရှိပြီး၊ ယာဉ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကျွမ်းကျင်သူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ရုံးချိန်အတွင်း အောက်ပါလိပ်စာများသို့ လျှောက်ထားနိုင်သည်။

အမှတ်စဉ်အားလုံးအတွက် နယ်သို့ ခရီးထွက်နိုင်ရမည်။

ရန်ကုန် – အမှတ်(၁၈၉/၁၉၅)၊ အခန်း(၁၀/အေ)၊ ပန်းဆိုးတန်းတာဝါ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။
မန္တလေး – အမှတ်(၁၆၅)၊ (၂၉)လမ်း၊ (၈၂)နှင့်(၈၃)လမ်းကြား။
တောင်ကြီး– (၀၈၁) ၂၁၇၅၃၊ ပြည် (၀၅၃)၂၁၉၄၃၊
မော်လမြိုင်(၀၅၇)၂၁၅၈၀။

၂၁ရာစု Beauty Saloon

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ ဆံပင်ညှပ်ကျွမ်းကျင်သူ မ (၂) ဦး
၂။ ခေါင်းလျှော် မ (၈) ဦး

အမှတ်(၁၆၆)၊ ၄၇လမ်း(အထက်)၊ မြေညီ၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း–၂၄၃၉၅၈။

အရန်သင့် Sunshade

Linpo Co.,Ltd
17A,Kabaraye Pagoda Rd,Bahan Ts.
Ph : 543816, 545883, 09-80-22750

အိပ်မပျော်ဖူးလား ရှေ့ပုပွား သွေးဆေးကိုစား

ချမ်းအေးကျော့ ဒင်းတောင် ရာဝှဲ

သားသား William မောရန်နိုင်
K.G (A) (T.T.C) အတွက်
မွေးနေ့ဆုမွန်

7th August မှာ ကျရောက်သည့် သားငယ်လေး မောင်စောရန်နိုင်၏ (၅)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပါစေ. . .။

ဖေဖေ၊ မေမေ၊ ကိုကိုကြီး တို့နှင့်အတူ အောင်မြင်ပြည့်စုံ ကျန်းမာချမ်းသာစွာဖြင့်ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။ အမျိုးဘာသာ၊ သာသနာအကျိုးများ၊ သယ်ပိုးနိုင်တဲ့ လူရည်ချွန် လူရည်မွန်လေး ဖြစ်ပါစေ. . .။

ချစ်ဖေဖေ – ဦးကျော်မင်းအောင်
(G.M Energy Department, Marubeni)
မေမေ – ဒေါ်တင်မမ
ကိုကိုကြီး – မောင်ပြည့်ဖြိုးထွန်း
(University of Hertfordshire, U.K)
အောင်မင်းခေါင်ကုန်းရိပ်သာ၊ ဝင်ဒါမီယာ။

MCC ကွန်ပျူတာကို အခြေခံမှစ၍သင်ကြားပေးမည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်...ICT Foundation Course
...ICT Professional

Introduction to Internet course ⊃ (6) weeks
အင်တာနက် အခြေခံသင်တန်း ⊃ (2) weeks

MCC STANDARD Computer Centre

- Basic Windows Course
- D.T.P Course, Graphic Design Course
- Web Design Course, E-mail & Internet Courses
- Computerized Accounting Course, Programming Courses

☎ 571838, 561145

မေဆွိ ရွှေရောင်အိပ်မက်များ

LIVE
TAPE,CD ထွက်ပြီ

လက်ရှိအသုံးပြုနေသော Injection Machine
တန် ၂၀၀ (၂)လုံးတန်၃၀၀ (၁)လုံးရောင်းရန်ရှိသည်။
ဖုန်း–

အမည်ပြောင်းခြင်း

ဦးတင်မောင်သန်း – ဒေါ်လှလှခိုင်တို့၏သား အထက(၆)ဗိုလ်တထောင် နဝမတန်း(ခ)မှ မောင်နိုင်လင်းဇော်အား မောင်နိုင်လင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်နိုင်လင်းမောင်။**

ကိုးထက်

ကြက်ဆီထမင်းနှင့် နှင်းပုလဲရေခဲမုန့်စားဖွယ်ရာဆိုင်ကို ယခင် လမ်းသစ်လမ်း အမှတ်(၇၀)မှ ယခု လမ်းသစ်လမ်း အမှတ်(၄၆)သို့ ယခင်ဆိုင်ပိုင်ရှင်များမှ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါပြီခင်ဗျား–မိတ်ဟောင်းမိတ်သစ်များ ယခင်လက်ရာ အတိုင်းလာရောက် သုံးဆောင်နိုင်ပါသည်။ ရွှင်လန်းချမ်းမြေ့ပါစေ–––။

ကိုးထက်
Ph: 226830
အထူးအော်ဒါလက်ခံပါသည်။

သက်ဆိုင်သူများ၏ တန့်ကွက်လိုက မြေပုံကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ရောင်းမည်/ငှားမည်

(ညှိနှိုင်းဈေး)

– ဗိုလ်တထောင်ဘုရားလမ်းသွယ်၊ 18' x 55'၊ ပြင်ဆင်ပြီး၊ ရေ၊ မီးစုံ မြေညီ + ပထပ် **(ရောင်း)**
– မဟာဗန္ဓုလလမ်း၊ဆူးလေဘုရားအနီး 20' x 50'၊ မြေညီ+ ထပ်ခိုး၊ ဖုန်း + ရေ၊ မီးစုံ **(ငှား)**
Ph: 09 6971072.

အမည်ဖြည့်စွက်ခြင်း

ကျွန်မ မစုစုအောင် PBDN-007877 ကို ယနေ့မှစ၍ မစုစုအောင်(ခ)မထက်ထက်အိလွင်ဟု ဖြည့်စွက်ပြောင်းလဲခေါ်ပါရန်။
မထက်ထက်အိလွင်။

အမြန်ရောင်းလိုသည်

ဒဂုံဆိပ်ကမ်း
စက်မှုဇုန်မြေကွက်
ဖုန်း – ၂၉၉၆၄၈၊ ၂၉၈၀၂၁။

မွေးနေ့ဆုမွန်

ချစ်သမီးကြီး **သည်းအူဘုန်းမြင့်** [AT Emile Woolf College, London]၏ ၇-၈-၂၀၀၃ရက်နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်များစွာ၏ မွေးနေ့များတိုင် ဘဝရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်မှု သရဖူဆောင်းကာ အရောက်လှမ်းနိုင်၍ ချစ်မိသားစုနှင့်အတူ ထာဝစဉ် လက်တွဲ ချမ်းမြေ့ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

ဖေဖေ – ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့်ရွှေ(ငြိမ်း)
မေမေ – ဒေါ်အေးမြင့်ဦး
ညီမလေး – ဝင့်သူဘုန်းမြင့်(T.T.C)
မောင်လေး – ဇွဲဝေယံဘုန်းမြင့်(ခ)ကျော်ဇောဟိန်း(T.T.C)

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသော ချစ်သားကြီး **ဗိုလ်ကြီးတင့်နိုင်ဦး** B.Sc (Maths) Hons;Q [ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန]၏ ၂၀၀၃ခုနှစ် ဩဂုတ်လ(၇)ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေ---။

ချစ်ဖေဖေ – ဦးညီစိန်[ဒုတိယဌာနမှူး၊ မြို့တော်စည်ပင်]
ချစ်မေမေ – ဒေါ်အေးအေးမော်

သားဦးရတနာဖွားမြင်ခြင်း

နှစ်ဖက် ဘိုးဘိုး၊ ဘွားဘွားများဖြစ်ကြသော **ဦးသန်းဆွေ – ဒေါ်စပယ်ခိုင်** နှင့် **ဦးတင်ဝေ – ဒေါ်ခင်မျိုးမြင့်** တို့၏မြေး၊ ဖေဖေ **ဗိုလ်မှူးစိုးသန်း (စက်ရုံမှူး၊ မှန်စက်ရုံ၊ ပုသိမ်မြို့)** နှင့် မေမေ **ဒေါ်မျိုးစန္ဒာဝေ (ကထိက၊ ရူပဗေဒဌာန YU)** တို့၏ သားဦးရတနာလေးကို ၃၀-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၂)၊ တပ်မတော်စစ်ဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ဖွားမြင်ပြီးပါကြောင်းနှင့် မွေးဖွားသန့်စင်ပေးခဲ့သော သားဖွားနှင့် မီးယပ်ပါရဂူ၊ မေ့ဆေးပါရဂူ၊ ကလေးပါရဂူတို့အားလည်းကောင်း၊ အစစအရာရာ အကူအညီပေးခဲ့သော ခွဲစိတ်ခွဲခန်းဌာနမှ ခွဲစိတ်ခွဲခန်းပါရဂူ သူငယ်ချင်းအားလည်းကောင်း၊ အမှတ်(၂)တပ်မတော်စစ်ဆေးရုံ သားဖွားနှင့်မီးယပ်ဆောင်မှ တာဝန်ကျ ဆရာဝန်၊ ဆရာမများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားနှင့်
ဖေဖေ ဗိုလ်မှူးစိုးသန်း – မေမေ ဒေါ်မျိုးစန္ဒာဝေ။

Panasonic & Calcium Expanded
MAINTENANCE FREE CAR BATTERY

Car Battery

GUARDIAN
MONTHLY MAGAZINE

Guardian Magazine
Grammar
Slang
Phrasal Verbs
C.T.O

Ph : 296137

(70V) (300V)
ISO 9002

ဦးဘိုအေး အလှကုန်(ငှက်ပျောတန်း)ဆိုင်တွင်
ဝယ်ယူအားပေးကြသော မိတ်ဆွေများသို့

ဦးဘိုအေး အလှကုန် (H ရုံ)

အမြန်ဝယ်မည်

၁။ ဟီးနိုးခေါင်းပြားပုံဟောင်းပက်လက်
ဆ/နံပါတ်နှင့်အထက်
၂။ ဒေါ့ဂျစ်ကား ခေါင်းတို/ခေါင်းရှည်
အကွာရာမျိုးစုံ
၃။ Ford ကားပက်လက်

ဆက်သွယ်ရန်–
၀၉-၅၀-၂၁၄၇၆၊ ၀၉-၈၀-၃၄၁၂၀။

01-375822

ဝိဇ္ဇာရေ နေ–လ အထူးကုဆေးခန်းမှ

ထက်မြက်သောဆေးဝါးများဖြင့် ကိုယ်ခန္ဓာခုခံအားကျဆင်းနေသော ရောဂါ၊ အသည်းရောင် အသားဝါရောဂါအမျိုးမျိုး၊ သွေးတိုး၊ နှလုံး၊ တီဘီ၊ လေးဖက်နာရောဂါနှင့် သွေးကင်ဆာရောဂါများ စွဲကပ်နေလို့ သင့်မိသားစု စိတ်ညစ်နေပါသလား၊ လုပ်ငန်းတာဝန်များအတွက် အခက်အခဲ တွေ့ရှိခံစားနေပါလျှင် ခွဲစိတ်ခွဲခန်းမှ ပိုးအင်အားတိုင်းတာမှု ဆေးစစ်ချက်များဖြင့် ဤဆေးခန်းသို့ အမြန်ဆုံးလာရောက်ဆေးကုသမှုခံယူပါ။

ကိုယ်ခန္ဓာစွမ်းအားများ တိုးတက်ကောင်းမွန်လာပြီး သင်ခံစားနေရသော ရောဂါဝေဒနာများ မှချကောင်းမွန်လာသည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိခံစားရပါမည်။

ဝိဇ္ဇာရေ နေ–လ အထူးကုဆေးခန်း
အမှတ် ၆၄၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်(မင်္ဂလာဈေးအနီး)
ဆေးခန်းဖွင့်ချိန်–နံနက် ၉း၃၀နာရီမှ ညနေ ၅နာရီထိ
ပိတ်ရက်–တနင်္လာနေ့နှင့်လပြည့်၊ လကွယ်နေ့များ။

SHINE AC.DC

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၇၃၀၃ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ရက်ပေါင်း(၁၀)အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်တိုင်း)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပညာသိပ္ပံ

ကြော်ငြာစာ

၁။ ရေကြောင်းပညာသိပ္ပံတွင်(၂၀၀၃–၂၀၀၄)ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ သင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားအိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ ရေကြောင်းပညာသိပ္ပံ၊ ကျောင်းအုပ်ကြီးထံသို့(၁၉–၉–၂၀၀၃)နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
- (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း Nautical Cadet
- (ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း Engineering Cadet

၂။ **ပညာအရည်အချင်းကန့်သတ်ချက်**
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး(၃၆၀)ရှိရမည်။

၃။ **အသက်နှင့်အခြားကန့်သတ်ချက်။**
- (က)၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၁၉)နှစ်ထက်မကျော်လွန်စေရ။
- (ခ)အရပ်အမောင်း(၅ပေ၊ ၄လက်မ)အနည်းဆုံးရှိရမည်။
- (ဂ)ကိုယ်အလေးချိန် ပေါင်(၁၀၀) အနည်းဆုံးရှိရမည်။
- (ဃ)ရင်အုပ်(၃၂လက်မ) နဂိုအနေအထား အနည်းဆုံးရှိရမည်။
- (င)မျက်မှန်၊ မျက်ကပ်မှန် တပ်ထားသူများမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ **ရွေးချယ်ရေးအဖွဲ့မှ အောက်ပါများကို ဆက်လက်စစ်ဆေးသွားမည်။**
- (က) နားစစ်ဆေးခြင်း၊ အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
- (ခ) မျက်စိစစ်ဆေးခြင်း(အရောင်ခွဲခြားနိုင်မှု ရှိ/မရှိစစ်ဆေးခြင်း)။
- (ဂ) လူတွေ့စစ်ဆေးခြင်း။

၅။ **လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်။**
- (က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
- (ခ) အမည်။
- (ဂ) နိုင်ငံသားစိစစ်ရေးအမှတ်။
- (ဃ) မွေးနေ့သက္ကရာဇ်။
- (င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။
- (စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သောခုနှစ်/ခုံအမှတ်/မြို့နယ်၊ တိုင်း/ဘာသာရပ်အလိုက် ရရှိသည့်အမှတ်စာရင်းနှင့်စုစုပေါင်းအမှတ်။
- (ဆ) အဘအမည်နှင့်အလုပ်အကိုင်။
- (ဇ) အမိအမည်နှင့်အလုပ်အကိုင်။
- (ဈ) နေရပ်လိပ်စာအပြည့်အစုံ။
- (ည) ဆက်သွယ်ရန် စကားပြောကြေးနန်းအမှတ်နှင့် နေရပ်လိပ်စာ။

၆။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**
- (က) လိုင်စင်ဓာတ်ပုံ(၂)ပုံ။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်း/ မြို့နယ်ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
- (ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်း တင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ် ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း(မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ယူရန်)
- (င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်။ (နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြနိုင်ရမည်)
- (စ) ပဏာမအဆင့် ရွေးချယ်ခြင်းခံရသော သင်တန်းသားများသည် ရေကြောင်း ပညာသိပ္ပံ၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်၊ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၉။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း သင်တန်းကြေး၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ် အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၀။လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် ရေကြောင်းပညာသိပ္ပံတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၁။သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းတက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခုပြောင်းတက်ရန်အတွက် ဤသင်တန်းမှ နုတ်ထွက်ခွင့်ပြုမည်မဟုတ်ပါ။

၁၂။သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက ရေကြောင်းပညာသိပ္ပံ၊ သင်တန်းဌာန၊ တယ်လီဖုန်းအမှတ်(၅၃၆၁၆၆၊ ၅၃၆၁၃၈/ ၅၃၉၄၆၄/ ၅၃၉၄၆၅ လိုင်းခွဲ–၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်သည်။

ကျောင်းအုပ်ကြီး
ရေကြောင်းပညာသိပ္ပံ။

ဝမ်းနည်းကြေကွဲခြင်း

မေ့ဆေးဆရာဝန်ကြီး ဒေါက်တာအေးအယ်လ်ဂနီဆန် အသက်(၈၁)နှစ်သည် ၃၀–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံမေ့ဆေးဆရာဝန်များအသင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။

လျှောက်လွှာခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၅၄၀၀–၁၀၀–၅၉၀၀)အဆင့်ရှိ ဒု–ဦးစီးမှူးရာထူးနေရာတွင် အေဂျီတီအိုင်(မြို့ပြ) (၂၅)ဦး၊ အေဂျီတီအိုင်(လျှပ်စစ်စွမ်းအား)(၂၅)ဦး အေဂျီတီအိုင်(စက်မှုစွမ်းအား) (၂၅)ဦး စုစုပေါင်း(၇၅)ဦးအားခန့်ထားနိုင်ရန် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က)ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ)(၁၅–၁၀–၂၀၀၃)ရက်နေ့တွင် အသက်(၂၀)ပြည့်ပြီး (၃၀)နှစ်ထက်မကြီးစေရ၊ ဝန်ထမ်းဖြစ်ပါက(၄၀)နှစ်ထက်မကြီးစေရ။
- (ဂ)ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနည်းဆုံး(၅)နှစ်အမှုထမ်းရမည်။ (လုပ်ငန်းသဘာဝအရ **အမျိုးသား**များသာလျှောက်ထားနိုင်သည်။)

၃။ ပြင်ပပုဂ္ဂိုလ်များသည် လျှောက်လွှာများကို ၁၉–၉–၂၀၀၃ရက်နေ့နောက်ဆုံးထား၍ သက်ဆိုင်ရာပြည်နယ်/တိုင်း/ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနများသို့လည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)သို့ တိုက်ရိုက်သော်လည်းကောင်း လျှောက်ထားနိုင်သည်။

၄။ အစိုးရဌာနမှ အမြဲတမ်းခန့်ဝန်ထမ်းများသည် သက်ဆိုင်ရာဌာနမှတစ်ဆင့်လျှောက်ထားရမည်။ လျှောက်လွှာမိတ္တူတစ်စောင်ကို ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၁၅–၉–၂၀၀၃နေ့အရောက် ကြိုတင်ပေးပို့ရမည်။

၅။ ဝန်ထမ်းမဟုတ်သူများအတွက် သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၃ခုနှစ် ဇူလိုင်လနောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်းနှင့် မြို့နယ်ရဲစခန်းထောက်ခံချက်မူရင်းတို့ပါရှိရမည်။

၆။ လျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)နှင့် သက်ဆိုင်ရာပြည်နယ်/တိုင်း/ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနများတွင်ရယူနိုင်ပြီး စာမေးပွဲဝင်ကြေး၂၀ဝိ/–(ကျပ်နှစ်ရာတိတိ)အား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)ငွေစာရင်းဌာနစုသို့ တိုက်ရိုက်သော်လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်/တိုင်း/ ခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနများသို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၁၅–၁၀–၂၀၀၃)မှ (၁၇–၁၀–၂၀၀၃)ရက်နေ့ ရုံးချိန်အတွင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့သို့ (အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြား အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား)မူရင်းတို့နှင့်တကွ တင်ပြ၍ လျှောက်ထားသူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။ အရည်အချင်းစစ်စာမေးပွဲကို ၁၈–၁၀–၂၀၀၃ရက်နေ့ စနေနေ့ နံနက်(၀၉:၀၀)နာရီတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များဖြေဆိုရမည်။

၈။ ပြည့်စုံခြင်း၊ အချိန်မီရောက်ရှိခြင်းမရှိသော လျှောက်လွှာများအား စာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ အသေးစိတ်ကို ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန(ရုံးချုပ်)၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့(ဖုန်း)၆၆၇၃၅၇၊ ၆၆၇၃၁၇သို့ တိုက်ရိုက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

MPEC
Queen Star Computer Center နှင့် MIT တို့ ပူးပေါင်းဖွင့်လှစ်သည့်
VisualBasicProgramming
Client Sever Application Development Level-1
- Visual Basic 6.0
- Access 2000
- Crystal Report
15% OFF
"Date : 12/8/03(Tues & Thurs) Time : 5 to 7:30 p.m"
25% Discount
Ph: 502801, 505278, 539151

TRADEMARK CAUTION
Hein Si Trading Co., Ltd its office at No.12(A), Aungmingalar Compound /Street, Kyauk Myaung, Tamwe Township, Yangon, Myanmar is the only sole distributor for the products of undermentioned Trademark in Myanmar.
HANGZEN-KEMEI INTERNATIONAL
Reg. No. 4/4301/2003
In respect of Beauty products and Household & others. Fraudulent or unauthorised use, or actual or colourable imitation of the said mark shall be dealt with according to law.
U Sai Aung Khin
Advocate For
Hein Si Trading Co., Ltd.

① Computerized Accounting (12 Weeks)
Book-keeping
❖ Journalising for Daily Transactions
❖ Posting to Ledger Accounts ❖ Taking a Trial Balance
❖ Adjusting Entries ❖ Closing Ledger Accounts
❖ Preparing Manufacturing, Trading, Profit & Loss & Balance Sheet
Computer Operating
M.Y.O.B
General Ledger, A/C Receivables, Payables, Inventory Control and Analysing Tools
IBM နှင့် Apple Computer
❖ Software
② Basic Computer Course (7 Weeks)
❖ Introduction to Computer System ❖
❖ Wordprocessing ❖ Spreadsheet ❖
❖ Database ❖ Drawing ❖ Painting ❖
❖ Myanmar Fonts ❖
Apple နှင့် IBM-PC Window System
☎ 240456

အမည်ပြောင်းခြင်း

ဦးယဉ်ထွေး၏သား အထက(၃) (ကြည့်မြင်တိုင်) အဋ္ဌမတန်း(A)မှ မောင်ဇင်ဖြိုးဦးအား မောင်စန်းထွေးဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်စန်းထွေးဦး။

အမည်ပြောင်းခြင်း

ဦးမာကျော်၏သား မောင်ကျော်မင်းနိုင်[၁၂/ဒဂရ(နိုင်)၀၀၃၈၀၃] အား ယနေ့မှစ၍ ကျော်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ကျော်ကျော်။

အမည်ပြောင်းခြင်း

ဦးဝင်းနိုင်၏သား အထက(၅) ဗိုလ်တထောင် ပဥ္စမတန်း(ခ)မှ မောင်အောင်ကောင်းသက်အား ယနေ့မှစ၍ မောင်အောင်ကောင်းဟိန်း ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကောင်းဟိန်း။

ဆာဒူးကြီး

PC Workshop
660174 ,720301

221184,211642,09-99-27497

TOYOTA CORONA
95 MODEL

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ကြီး အသက်(၆၈)နှစ်
(နာယက)
မြိတ်ကုန်သည်ကြီးများအသင်း

၂–၈–၂၀၀၃ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များ
ကြီးကြပ်ညှိနှိုင်းမှုကော်မီတီ၊ အမှတ်(၆၇)၊ လမ်း–၃၀၊ ရန်ကုန်မြို့။

ခရုသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့မှ ရန်ကုန်သို့ပြောင်းရွှေ့ပြီး ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရောဂါသည် အပေါင်းသိစေရန် ကြေညာအပ်ပါသည်။ သွေးတိုး၊ ဆီးချို၊ လေငန်းဆေးကိုရောင်းချနေပါပြီ။

သမားတော်ကြီးဦးကျော်ဟိုး၊ ဇင်ယော်လမ်း၊ အမှတ်(၃၇/၂) (၁၄)ရပ်ကွက်၊ မြင်သာအိမ်ရာ–၂၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ရန်ကုန်စက်မှုဇုန်စီမံကိန်းတွင် မြေကွက်ဝယ်ယူထားသူများသိသာစေရန်

မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဓေကတ္တာကုမ္ပဏီတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော် ရန်ကုန်စက်မှုဇုန်စီမံကိန်း တွင်ဝယ်ယူထားသော မြေကွက် ပိုင်ရှင်များ အနေဖြင့် ပေးသွင်းရန်ကျန်ရှိသော လက်ကျန်ငွေများကို (၃၁.၈.၂၀၀၃) နေ့နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် ပေးသွင်းရန် ပျက်ကွက်ပါက စာချုပ်အပိုဒ်(၂၂)အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ([illegible])

အမည်ပြောင်းခြင်း

ဦးအေးဝင်း၏သား အလက (ကြာနီကန်) ရွှေတောင်မြို့ သတ္တမတန်း(A)မှ မောင်အောင်ကိုကိုအား မောင်အောင်သူရဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်သူရ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ခ/၃၁၄ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ရက်ပေါင်း(၃၀) အတွင်းကညနဦးစီးဌာန(ပျဉ်းမနား)သို့လာရောက်ဆောင်ရွက်ပါရန်။ **ကညန(ပျဉ်းမနား)။**

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးစိုးညွန့် (၈၇)နှစ်
(ပြွန်တန်ဆာ)

ပြွန်တန်ဆာမြို့နေ (ဦးချိုလေး-ဒေါ်ကျင်သန်း)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၃၈/ B)၊ မစိုးရိမ်ကျောင်းလမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ညွန့်၏ ခင်ပွန်း၊ မောင်ဇော်ဝင်း-မအေးသက်ဦး၊ မောင်ကျော်မျိုးထိုက်-မယုယုလွင်၊ မအိအိလွင်၊ မောင်ကျော်ဇင်တိုး-မဝန်းသော်တာအောင်၊ မောင်ကိုကိုလင်း-မသီရိစန္ဒာ၊ မောင်မင်းဟိန်းထက်၊ မောင်ကုဋေကောင်းဆက်၊ ဖိုလ်ကျော်ထက်၊ မအေးမြသန္တာ၊ မစုမွန်ရည်၊ မောင်ရဲနောင်ကိုကို၊ မဝင်းသီရိအောင်၊ မခေမာလင်းဇော်၊ မဝေမာလင်းဇော်တို့၏ ချစ်လှစွာသော အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၈-၂၀၀၃ရက်တွင် အာရုတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၈-၂၀၀၃(သောကြာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မစိုးရိမ်ကျောင်းလမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဇောင်းပင်(ဗုဒ္ဓဂယာ) ဒါယိကာမကြီး
ဒေါ်စိန်ပု (၇၈)နှစ်
(မရမ်းခြံ)
(ပျဉ်းမနားမြို့)

ပျဉ်းမနားမြို့ ရွှေချည်အုပ်စု၊ မစိုးရိမ်ရပ်ကွက်၊(၂)လမ်း၊အမှတ်(၁၁/၅) နေ (ဦးတင်မောင်) (သိင်္ဂီကျော်လျှာထိုးစက်)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သန်းနွဲ့(တရားရုံးချုပ်ရှေ့နေ)-ဦးကျော်စိုးမြင့်(ပတခဦးစီးမှူး၊ ဗဟန်းမြို့နယ်)၊ ဒေါ်တင်အေး - ဦးမောင်မောင်ကြီး(သိင်္ဂီကျော်လျှာထိုးစက်)၊ ဦးမျိုးမြင့်-ဒေါ်စန်းစန်းမြင့်(ပဲ၊ နှမ်းကုန်သည်)၊ ဦးမျိုးတင့်(မရမ်းခြံ ဗီဒီယို)-ဒေါ်ခင်မျိုးမြင့်၊ ဦးမျိုးညွန့်(တတိယအင်ဂျင်နီယာ၊ Sunrise Co.)-ဒေါ်နီလာမြတ်၊ ဦးမျိုးအောင်(ဒုတိယအင်ဂျင်နီယာ၊ Richfield Co.)-ဒေါ်စန်းစန်းတင့်(စာရင်းစစ်/စာရင်းစစ်ချုပ်ရုံး)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်စိန်ပုသည် ၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၈-၂၀၀၃ရက် ညနေတွင် ပျဉ်းမနားမြို့ မြို့မသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ဦးကြည်
အသက်(၇၀)
(တညောင်)

မကွေးတိုင်း၊ စလင်းမြို့နယ်၊ တညောင်ရွာနေ (ဦးဘသန်း-ဒေါ်လုသောင်း)တို့၏ သမီး၊ (ဦးဘထွန်း-ဒေါ်သိန်းညွန့်)တို့၏ ချွေးမ၊ တညောင်ရွာနေ(ဦးမျိုးညွန့်)-ဒေါ်ဝင်းငွေ၊ ဦးငွေလွင်ဦး-ဒေါ်လဲ့လဲ့သန်း၊ အမှတ်(၁၆)၊ (၅၂/ခ)၊ (၂၅)လမ်း၊ နဝဒေးဥယျာဉ်၊ လှိုင်သာယာ၊ ရန်ကုန်မြို့နေ ဦးကိုကိုလွင်-ဒေါ်လှလှငွေ၊ ဦးထွန်းညွန့်ဦးတို့၏ မွေးသမိခင်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၄-၈-၂၀၀၃ရက်တွင် ရန်ကုန်မြို့ မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၆-၈-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

၅-၈-၂၀၀၃ရက်တွင် SIEMENS အမျိုးအစား GSM Mobile ဖုန်း ကျပျောက်သွားပါ၍ လက်ဝယ်ရှိသူမှ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါ။

ဖုန်း-၃၇၉၈၁၈/၀၉၅၀၁၄၉၅၂။

ဦးအောင်ကိုး (၉၁)နှစ်
(B.A.,B.Ed.)
အငြိမ်းစားကျောင်းအုပ်ဆရာကြီး
(ယခင်အောင်သိပ္ပံအလွတ်ပညာသင်ကျောင်း)
မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း

စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၁)၊ တတိယအလွှာနေ (ဦးဘိုးကာ-ဒေါ်ငွေတင့်)တို့၏သား၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ ဦးခင်မောင်မြင့်(အား/ကာဦးစီးဌာန)-ဒေါ်ခင်ငွေဝင်း(လ/ထမန်နေဂျာစက်မှုစား/ကုန်)၊ ဦးသန်းမြင့် (ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ရင်မေ၊ ဦးမြင့်ဝေ-ဒေါ်ခင်ဖြူဝင်းအောင် (အထပြ၊ ငြိမ်း)၊ ဦးစိုးညွန့်-ဒေါ်အိအိခိုင်(ခေတ္တ-ဂျာမနီ)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ ဘိုးဘိုးသည် ၅-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၈-၂၀၀၃ရက် မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊တန်ဆောင်း၊ ရဟန်းဒါယကာ
ဦးကျင်စု အသက်(၈၀)
(ဇင်းကျိုက်၊ မော်လမြိုင်)

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာနေ (ဦးဖေ-ဒေါ်ငွေယုံ)တို့၏သား၊ ဒေါ်မြစိန်၏ခင်ပွန်း၊ ဦးကျင်စိန်-ဒေါ်ရင်နု၊ ဦးစိုးကြည်-ဒေါ်ခင်ကြည်တို့၏ အစ်ကိုကြီး၊ ဒေါက်တာမိုးဇော်-ဒေါက်တာစုစုရီ၊ ဦးလှမြင့်မောင်(ဒု-ညွှန်မှူး၊ M.P.P.E)-ဒေါ်စုစုတီ(စုရတနာဖိုလ်ချုပ်ဈေး)၊ ဦးငွေကြည်-(ဒေါ်တင်မြင့်)၊ ဦးအေးကြည်(စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်)-ဒေါ်ရွှေရွှေဝင်း၊ ဒေါ်အုန်းမြင့်၊ ဦးလှမြင့်အောင်(M.P.P.E)-ဒေါ်ခင်အုန်းမြင့်၊ ဦးရွှေအောင်၊ ဦးဝင်းဖိုလ်၊ ဦးဉာဏ်သိန်း-ဒေါ်စုစုလွင်၊ ဦးဉာဏ်ထွန်း-ဒေါ်သူဇာထွန်းတို့၏မွေးသဖခင်၊ မြေး ၁၈ယောက်တို့၏ အဘိုးသည် ၄-၈-၂၀၀၃ရက်တွင် ရန်ကုန်မြို့ ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၈-၈-၂၀၀၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(အမှတ်-၇၀/က)၊ တက္ကသိုလ်ရိပ်သာ လမ်း ဦးလှမြင့်မောင်-ဒေါ်စုစုတီနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၀၃ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မြိတ်အသင်း
ဒေါ်ဝင်းကြည် (၆၈)နှစ်
အသင်းဝင်အမှတ်(၄၂)

မြိတ်မြို့၊ နောက်လယ်ရပ်နေ (ဦးစိုးဝါ-ဒေါ်စုကြည်)တို့၏ သမီး၊ (ဦးမောင်ယုံ)၏ဇနီးသည် ၃၁-၇-၂၀၀၃ရက်တွင် မြိတ်မြို့ ကန်ဖျားရပ် မြေနီလမ်းနေအိမ်၌ ကွယ်လွန်ပါ၍ ၂-၈-၂၀၀၃ရက်တွင် မြိတ်မြို့ တပ်ပြင်ရပ်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ဦးမြင့်လွင် (၆၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၈)၊ (၃၅)လမ်း(အလယ်)နေ (ဦးမောင်မောင် - ဒေါ်အေးချို)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်၊ အမှတ်(၂၈၇)နေ (ဦးကောက်-ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၈)ရပ်ကွက်၊ အမှတ်(၄၇၁/ခ)နေ ဒေါ်ကျင်လှ၏ ခင်ပွန်း၊ ကိုညွန့်ဦး-မငွေငွေကြွယ်၊ ကိုလှလွင်(ခ)ကိုတွဒ်-မမြင့်မြင့်ဦး၊ မသီတာ၊ ကိုစိုးစိုး-မမိုးမိုးလွင်၊ ကိုဇော်ဇော်အောင်တို့၏ ဖခင်၊ မြေးခြောက်ယောက်၏ အဘိုး ဦးမြင့်လွင်သည် အမှတ်(၃၃၂)၊ မကျည်းတန်း၊ မြောက်/ရှေ့၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်၌ ၂၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃၁-၇-၂၀၀၃ရက်တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွေး (၉၅)နှစ်
လျှပ်စစ်ဌာန၊ (ရန်ကုန်)
မြန်မာ့မီးရထား(ငြိမ်း)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊အမှတ်(၁၇၇)၊ အနော်ရထာလမ်းနေ (ဦးဘိုးတင်-ဒေါ်ရှင်)တို့၏ သား၊ (ဒေါ်ထားတင်)၏ ခင်ပွန်း၊ ဦးအေးသန်း(အလုပ်ကြပ်၊ရန်ကုန်ဒီဇယ်ရထား)-ဒေါ်သန်းသန်းအေး၊ ဦးဝင်းတင် (အထူးလမစ-၁၊ ရထား)-ဒေါ်ညိုမီ၊ ဒေါ်စန်းစန်း၊ဒေါ်သန်းသန်း(အုပ်ချုပ်မှုဌာန၊ဆလရ)၊ ဒေါ်နုနု-ဦးညွှန့်ရွှေ (ညွှန်ကြားရေးမှူး၊ ကကငွေ)၊ ဦးဝင်းမောင်(တောအုပ်၊ သစ်တောဦးစီးဌာန) - ဒေါ်အေးအေးတို့၏ မွေးသဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၅-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၇-၈-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါက်တာဝင်းတင်
အသက်(၅၂)နှစ်
M.B,B.S (Ygn) D.G.P
(မော်လမြိုင်)

(ဦးစံအေး)-ဒေါ်ငွေးတင်တို့၏ သား၊ (ဦးအောင်သန်း)-ဒေါ်ဒေစီတို့၏ သားသမက်၊ ဒေါ်ခင်အေးမူ(ဒေါ်နယ်လီသန်း၊ B.A English)၏ ခင်ပွန်း၊ (ဦးဇော်လင်း)-ဒေါ်စန္ဒာ၊ ဒေါက်တာမောင်မောင်ငွေး-ဒေါ်နုနုအေး၊ဦးတင်အေး-ဒေါ်သန်းကြည်တို့၏ ညီ/မောင်၊ ဦးသောင်းညွန့်-ဒေါ်ခင်အေးကြီး၊ ဒေါ်ခင်အေးငယ်တို့၏ အစ်ကို၊ တူ၊ တူမ ၁၅ယောက်တို့၏ ဦးလေး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ (၅၆)လမ်း၊ အမှတ်(၂၃)နေ ဒေါက်တာဝင်းတင်သည် ၆-၈-၂၀၀၃ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၈-၈-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစမိုးခင်(ခ)စောစီဘလု
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တိုက်(၃)၊ အခန်း(၂၇)၊ (၅၁)လမ်းနေ (ဦးကျော်ခင်-နော်လားစေ)တို့၏ သား၊ ဒေါ်ဟယ် လင်ခင်(ထ-၄ ဗိုလ်တထောင်)-ဦးသန်းထွန်းအောင်၊ ဦးဖေခင်(ပြည်တွင်းအခွန်)-ဒေါ်သန်းအေး(ပြည်တွင်းအခွန်)၊ ဦးဆင်မြူရယ်ခင်-ဒေါ်မိုးကိုကိုတို့၏မောင်၊ ဒေါ်အယ်လင်ခင်(ထ-၆၊ ဗိုလ်တထောင်)၊ (ဦးနစ်ကယ်ခင်)၊ ဒေါ်သဲယ်လ်မာခင်(တရားရုံးချုပ်)-ဦးစောလားဒီတို့၏ အစ်ကို၊ ယုဇနခင်၊ အိအိမြတ်နိုးဇော်၊ နွယ်သဇင်ခင်၊ စောဉာဏ်လင်းထက်တို့၏ ဦးလေးသည် ၆-၈-၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၇-၈-၂၀၀၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန် ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သင်းသင်းနိုင်(ခ)နိုင်နိုင်
B.Sc (Chem) Hon:
အသက်(၄၀)
ထွန်းထွန်းဓာတ်ဘော်လီဆိုင်
ဗိုလ်ချုပ်ဈေးသစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ အမှတ်(၁၃၄)၊ (ပထပ်)နေ ဦးသိန်းတန်-ဒေါ်ရင်မေတို့၏ သမီး ချွေးမ၊ ရန်ကုန်မြို့နေ ဦးအောင်ဖေ-ဒေါ်သိန်းကြည်တို့၏ ဒုတိယသမီး၊ ဦးအောင်လှိုင် - Dr.ဒေါ်သင်းသင်းနွဲ့ (11/12 Y.G.H)၏ ညီမ၊ ဦးကိုကိုကြီး-မတင်မျိုးမင်းတို့၏ အစ်မ၊ ဦးမြတ်စိုး၏ ဇနီး၊ မောင်အောင်သက်နိုင်၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်သင်းသင်းနိုင်သည် ၆-၈-၂၀၀၃ ရက်တွင် Y.M.Cအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၈-၂၀၀၃ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးစိုးညွန့် (၈၇)နှစ်
(ပြွန်တန်ဆာ)

ပြွန်တန်ဆာမြို့နေ (ဦးချိုလေး-ဒေါ်ကျင်သန်း) တို့၏သား၊ ဦးကြည်စိန်၏ညီ၊ ဒေါ်လွမ်၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၃၈/B)၊ မစိုးရိမ်ကျောင်းလမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ (ဦးခင်မောင်ကြည်)-ဒေါ်ခင်အေးတင့်၊ ဦးသက်လွင်-ဒေါ်ခင်ဝင်းကြည်၊ ဦးသန်းအောင်(အမှုဆောင်အင်ဂျင်နီယာ၊ M.O.G.E)-ဒေါ်ညွန့်ညွန့်ဝင်း(ကောင်းကွယ်ကျောက်မျက်ရတနာ)၊ ဦးသန့်ဇင်-ဒေါ်ခင်စမ်းကြည်၊ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ကကယ)-ဒေါ်ခင်စိုးကြည်၊ ဒုတိယဗိုလ်မှူးကြီးဇော်လင်း-ဒေါ်ခင်ထွေးကြည်(ကထိက၊သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ကျေးဇူးရှင်ဖခင်သည် ၄-၈-၂၀၀၃(တနင်္လာနေ့) ည၈း၃၀နာရီတွင် အာရုတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၈-၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မစိုးရိမ်ကျောင်းလမ်းနေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးမြင့် (၄၂)နှစ်
(B.A Geography)
JAT အမက(၂၅)၊ ဗဟန်း
(ကျိုက်ထော်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၈)၊ ဇေတိကလမ်း၊ ကျောက်မြောင်း၊ ငွေးကြွယ်(က)ရပ်ကွက်နေ ဦးသောင်း-(ဒေါ်ကျင်အေး)တို့၏ သမီး၊ ဦးအောင်ဇော်လင်း၏ ဇနီး၊ ဒေါ်နုနု၊ ဦးသိန်းအောင်၊ ဦးသိန်းမောင်(JE၊ဆောက်လုပ်ရေး၊ ရေ/သန့်)-ဒေါ်နုနုကြည်၊ ဒေါ်ခင်ခင်ရွှေ(ငွေစာရင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသိန်းထွန်း-ဒေါ်ကျင်လှ(ရွှေနေစားသောက်ဆိုင်)၊ ဦးလှရွှေ-ဒေါ်မြင့်မြင့်သန်း၊ ဦးထိန်ဝင်း(JSM Co., Ltd)၊ ဒေါ်သိန်းသိန်းညွန့်(ဝိုင်း) (ကထိက၊ သတ္တဗေဒဌာန)၊ ဦးအေးချို(Mikko Co., FOFFEE Mix)-ဒေါ်တင်တင်ဝင်း(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးပြုံး-ဒေါ်ရွှေဝါတို့၏ ညီမထွေးသည် ၅-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၈-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှစိန်(ခ)လူတောင်ဟိုး
အသက် (၅၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈/က) သာယာဝတီလမ်း၊ ဆရာစံရိပ်သာ၊ ဗဟန်းမြို့နယ်နေ (ဦးမောင်လေး)-ဒေါ်မြင့်မြင့်တို့၏ တတိယသား၊ ရန်ကုန်မြို့၊ အမှတ်(၄၈)၊ လမ်းမတော်လမ်း၊ လသာမြို့နယ်နေ ဒေါ်လီလီအေး၏ ချစ်လှစွာသောခင်ပွန်း၊ ကျန်းကွမ်ကျူး၊ မကြူကြူခိုင်၊ မောင်ထွန်းထွန်းနိုင်၏ မွေးဖခင်၊ ဦးစိန်ဦး၊ ဒေါ်ဒစ်စီချမ်း၊ (ဦးသောင်းစိန်)၊ ဒေါ်သက်နွယ်လှတို့၏ ညီ၊ မလှမြင့်၊ ဦးလှညွန့်-ဒေါ်မြင့်မြင့်ရီ၊ မလှတင်၊ ဦးဇော်လင်းချို-ဒေါ်စန္ဒာထွန်း၊ဦးဇော်မင်းချို-ဒေါ်မြရင်၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းဆွေ၊ မခင်လေးမြင့်တို့အစ်ကို ဦးလှစိန်(ခ)လူတောင်ဟိုးသည် ၅-၈-၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၀၃ (စနေနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ် ၁၈/က၊ သာယာဝတီလမ်း၊ ဆရာစံရိပ် သာ၊ ဗဟန်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာဝင်းတင်
အသက်(၅၂)နှစ်
M.B,B.S (Ygn) D.G.P
(မော်လမြိုင်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၆)လမ်း၊ အမှတ်(၂၃)နေ (ဦးစံအေး)-ဒေါ်ငွေးတင်တို့၏ သား၊ (ဦးအောင်သန်း)-ဒေါ်ဒေစီတို့၏ သားသမက်၊ ဒေါ်ခင်အေးမူ၊ (ဒေါ်နယ်လီသန်း၊ B.A English)၏ ခင်ပွန်း၊ မောင်အောင်ကျော်ဦး(3rd M.B M-1)၊ မအိဟေမန်(1st M.B IM I)၊မခိုင်နေရည်ဝင်း(စတုတ္ထတန်း၊ အထက-၂၊ စမ်းချောင်း)တို့၏ မွေးသဖခင် ဒေါက်တာဝင်းတင်သည် ၆-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၈-၈-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးအိုက်ဇက်
လ/ထညွှန်ကြားရေးမှူး
ကျန်းမာရေးပညာဌာန

၂-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးအိုက်ဇက် (၅၉)နှစ်၏ ဈာပနသို့ လွမ်းသူ့ပန်းခြင်း ပေးပို့ခဲ့သော HIV/AIDS Project, UNDP, UNOPS နှင့် ကျန်းမာရေးပညာဌာနမှ လူကြီးများ၊ ကွယ်လွန်ချိန်မှစ၍ လာရောက်အားပေးနှစ်သိမ့်ကြသော သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ နိုင်ငံခြား ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် နှစ်သိမ့် ကြသူများအားလည်းကောင်း၊ ကွယ်လွန်သူအတွက်နှင့် ကျန်ရစ်သူမိသားစုအတွက် မစ္ဆားပူဇော်ဆုတောင်းပေးခဲ့သောဖာသာများအားလည်းကောင်း၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဈာပနတွင် အဘက်ဘက်မှ ကူညီပေးခဲ့ကြသူများအား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ရက်လည်ဆွမ်းကျွေးဆုတောင်းခြင်း

ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၀၃ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အောက်မေ့သတိရ ဆုတောင်းခြင်းနှင့် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ အမှတ်(၃၄)၊ အခန်း(၆/က)၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရဟန်း ဒါယကာကြီး
ဦးကျင်စု အသက်(၈၀)
(ဇင်းကျိုက်-မော်လမြိုင်)

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာနေ (ဦးဖေ-ဒေါ်ငွေယုံ) တို့၏ သား၊ ဒေါ်မြစိန်၏ ခင်ပွန်း၊ မောင်ဇော်လင်း၊ မရီရီဇော်၊ မစုစုထွေး၊ မောင်သော်တာစုမောင်၊ မောင်စံသာစုမောင်၊ မောင်တာရာစုမောင်၊ မောင်ဇရာစုမောင်၊ မမေစုမောင်၊ မောင်လင်းထက်အောင်၊ မောင်စိုးသီဟအောင်၊ မောင်မြတ်ကောင်းခန့်၊ မောင်ဇော်ထက်အောင်၊ မောင်မြင့်မြတ်အောင်၊ မဟန်နီဦး၊ မောင်ကောင်းထက်အောင်၊ မခိုင်စုမွန်ဦး၊ မရွှေရည်လင်းလက်၊ မဝေလဲ့လဲ့မေတို့၏ ချစ်လှစွာသောအဘိုးသည် ၄-၈-၂၀၀၃ရက်တွင် ရန်ကုန်မြို့ ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၈-၈-၂၀၀၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (အမှတ်-၇၀/က)၊ တက္ကသိုလ်ရိပ်သာလမ်း ဦးလှမြင့်မောင်-ဒေါ်စုစုတီနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်သင်း(၇၈)နှစ်
အတွင်းရေးမှူး(ငြိမ်း)
MEIC
(မြောင်းမြ၊ မြောက်ဦးမြို့နယ်)

(ဦးသောကြာအောင်-ဒေါ်ထွေးစိန်)တို့၏သားထွေး၊ ရန်ကုန်မြို့၊ အမှတ်(၆၄-F)၊ ကြာပဒ္မာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ငွေသန်း(ဒု-ညွှန်မှူး၊ ငြိမ်း၊ ဇဟိုသုတေသန)၏ ခင်ပွန်း၊ ဒေါက်တာဝင်းနိုင်-ဒေါ်သန်းသန်းစိုး၊ ဒေါ်ကြည်ကြည်သင်း-(ဒေါက်တာရဲလွင်)၊ ဒေါက်တာချိုချိုသင်း၊ ကိုဝင်းဇော်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏ အဘိုးရှင် ဦးစိန်သင်းသည် ၅-၈-၂၀၀၃ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၀၃ (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်သန်းချစ် (၆၅)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊(၈)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၁၁၂)နေ (ဦးခင်မောင်)၏ ဇနီး၊ ကိုကျော်ထွန်း အောင်-မအန်းပျို၊ မောင်ချစ်တီး(ခေတ္တ-မလေးရှား)၊ ဦးစံလင်း-မမီးမီး၊ ဦးအောင်သူ-မမိုးမိုးဆွေ၊ ဦးမောင်ကြီး(ခေတ္တ-မလေးရှား)၊ မောင်စစ်သိန်း(ခေတ္တ-မလေးရှား)၊ မောင်တင်ထွေး(ခေတ္တ-မလေးရှား)တို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၆-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်ပါ၍ ၈-၈-၂၀၀၃ (သောကြာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လေးမြင့်
အသက်(၆၄)နှစ်
မိုးကုတ်ယောဂီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ပတ္တမြားလမ်း၊ အမှတ် (၁၇၆)၊ (၃၅) ရပ်ကွက်နေ ဦးမောင်မောင်သန်း၏ဇနီး၊ ဦးကံညွန့်-ဒေါ်စန္ဒာနိုင်၊ ဦးကျော်ကျော်ဦး (M.P.E သယ်/ပို့)-ဒေါ်စန္ဒာအောင်၊ ဦးထွန်းအောင်ကျော်တို့၏ မိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်ခင်လေးမြင့်သည် ၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကောသလ္လ
သိက္ခာတော်(၅၀)၊ သက်တော်(၇၀)

ချောက်မြို့၊ ငွေတောင်တိုက်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဥပနာယက၊ မြို့နယ် သံဃနာယကအဖွဲ့(အကျိုးတော်ဆောင်) ဘဒ္ဒန္တ ကောသလ္လ(သာသနဓဇ ဓမ္မာစရိယ) မဟာဂန္ထဝါစကပဏ္ဍိတဆရာတော်အရှင်သူမြတ်သည်(၁၃၆၅-ခု ဝါခေါင်လဆန်း ၆ရက်)၊ ၃-၈-၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၉-၈-၂၀၀၃ရက်တွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကျင်းပ ပြုလုပ်မည်ဖြစ်ပါကြောင်း ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ပဓာနနာယကဆရာတော်ဘဒ္ဒန္တ နရပတိအရှင်မြတ်နှင့် ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သုဇာတမထေရ်
သိက္ခာတော်(၂၂)ဝါ၊ သက်တော်(၆၂)နှစ်
ကျောမခင်းကျောင်းတိုက်၊ သဃ်န်းကျွန်းကြီးကျေးရွာ
(မြောက်ပိုင်း) မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်း

၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၉ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၄း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဝါခေါင်လဆန်း ၁၁ရက်(သောကြာနေ့) ၈-၈-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ပူဇော်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျောမခင်းကျောင်းတိုက်၊ သဃ်န်းကျွန်းကြီးကျေးရွာ (မြောက်ပိုင်း) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

ဦးတင်ထွန်းအောင်(၂)
(ကပ-၂၀၅၃)
အသက်(၄၁)နှစ်
ဒု-အကောက်ခွန်မှူး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၂)ရပ်ကွက်၊ မြိုင်တန်းသာလမ်း၊ အမှတ်(၉၄/၁)နေ၊ ဗိုလ်ကြီးစံရွှေ(ငြိမ်း)-(ဒေါ်သန်းသန်းဝင်း)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၆/၃၈၇)နေ ဦးအောင်ခင်-ဒေါ်မြစိန်တို့၏ သားသမက်၊ ဦးညွန့်တင်(Dawn Light Co.,Ltd)၊ ဦးထိန်ဝင်း(East Wind Shipmanagement)၊ ဒေါ်ဥမ္မာစံ၊ ဒေါ်ခင်မာမာအေး(ကုန်သွယ်/လယ်ယာ၊ ရန်ကုန်တိုင်း)တို့၏မောင်၊ ဒေါ်စိုးစိုးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သူရအောင်(ဒုတိယတန်း-ဘီ၊ အထက-၁၊ ဒဂုံ)၏ဖခင်သည် ၆-၈-၂၀၀၃ ရက်နံနက်တွင် ကွယ်လွန်သွားပါ၍ ၈-၈-၂၀၀၃ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(မြင်သာရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်းအောင်(၂)
(ကပ-၂၀၅၃)
အသက်(၄၁)နှစ်
ဒု-အကောက်ခွန်မှူး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၂)ရပ်ကွက်၊ မြိုင်တန်းသာလမ်း၊ အမှတ်(၉၄/၁)နေ ဗိုလ်ကြီးစံရွှေ (ငြိမ်း)-(ဒေါ်သန်းသန်းဝင်း) တို့၏ သား၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၆/၃၈၇)နေ ဦးအောင်ခင်-ဒေါ်မြစိန်တို့၏ သားသမက်၊ ဦးစိုးမင်း(မြန်မာ့မီးရထား၊ မန္တလေး)-ဒေါ်ရီရီခင်၊ အရာခံဗိုလ်မှတ်ကျော်(ကာကွယ်ရေးဦးစီးချုပ်ရုံး)-ဒေါ်စိုးစိုးခင်တို့၏မောင်၊ ဦးတင်မြင့်အောင်(အကောက်ခွန်မှူး)-ဒေါ်ဆွေဆွေသန်း၊ ဦးညီမိုးတင်မောင်-ဒေါ်တင်တင်စိုး(ယာဉ်ထိန်း)တို့၏ အစ်ကို၊ ဒေါ်စိုးစိုးမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်သူရအောင်(ဒုတိယတန်း-ဘီ၊ အထက-၁၊ ဒဂုံ)၏ ဖခင်သည် ၆-၈-၂၀၀၃ရက် နံနက်တွင် ကွယ်လွန်သွားပါ ၍ ၈-၈-၂၀၀၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြင်သာရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၂နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်ထွန်းအောင်
အသက်(၄၁)နှစ်
(ကပ-၂၀၅၃၊ ဒု-အကောက်ခွန်မှူး)

သူငယ်ချင်းတင်ထွန်းအောင် ၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

သုရိန်(၃)မှ အကောက်ခွန်အရာရှိ သူငယ်ချင်းများ။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ရင်(ခ)ဒေါ်ဆဖူရာဘီ
အသက်(၈၁)နှစ်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ သီတာလမ်း၊ အမှတ်(၃၀/အေ)နေ ဦးအုံးသန့်၏ ဇနီး၊ ဒေါ်တီတီ၊ (ဦးမြင့်အေး)-ဒေါ်နီနီ၊ ဦးမောင်မောင်-(ဒေါ်ချိုမာလွင်)၊ ဦးခင်မောင်ဝင်း-(ဒေါ်ခင်ခင်အေး)၊ ဦးမြင့်ထွေး-(မနှင်းနှင်းအေး)တို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏ အဘွား ဒေါ်ရင်(ခ)ဒေါ်ဆဖူရာဘီသည် ၅-၈-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ်အမိန့်ခံယူသွားပါ၍ ယင်းနေ့ ဇဟိုအပြီးတွင် ဒါဖနာပြီးပါကြောင်း။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးမောင်မောင်ဇင်
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ခြံအမှတ်(၆၁)နေ ဒေါ်မြသင်(ခ) ဒေါ်အေးသင်တို့၏ တူ၊ (ဦးစိန်းမောင်-ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ ဦးအောင်ဇင်(လမ်းမတော်၊ သန့်ဝန်ဆောင်)-ဒေါ်မေစောလှိုင်၊ ဦးမြင့်ကြွယ်-ဒေါ်သစ်သစ်ဝင်း၊ ဦးဆန်းလွင် မြင့်-ဒေါ်ဥမ္မာဇင်၊ ဦးအောင်ညွန့်ရွှေ-ဒေါ်မြင့်မြင့်ဇင်၊ မောင်အံ့ဇင်တို့၏ညီ/မောင်၊ တူ၊တူမနှစ်ယောက်တို့၏ ဦးလေးသည် ၄-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊မုခ်ဦး၊နတ်လမ်း၊ ဇရပ်၊ရဟန်းဒါယိကာမကြီး
ဒေါ်လှငွေ(၈၇)နှစ်
(မအူပင်)

ဧရာဝတီတိုင်း၊ မအူပင်မြို့၊ အမှတ်(၈၆)၊မင်းလမ်းနေ (ဦးဖိုးလန်း-ဒေါ်အေးမြ)တို့၏ သမီး၊ (ဦးမောင်ဆင်-ဒေါ်ပု)တို့၏ချွေးမ၊ (ဦးတင်ညွန့်)၏ဇနီး၊ (ဦးသန်းမောင်-ဒေါ်သန်း)၊ (ဦးဒါဘာ-ဒေါ်လှရွှေ)တို့၏ ညီမ၊ (ဦးလှကြိုင်-ဒေါ်နုနု)တို့၏ အစ်မ၊ တူ၊တူမ ကိုးယောက်တို့၏ အဒေါ် ဒေါ်လှငွေသည် ၅-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၇-၈-၂၀၀၃ ရက် မွန်းလွဲ ၁နာရီတွင်နေအိမ်မှ မအူပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျောင်းဒါယကာ
ဆရာဦးလှမြင့်(၆၉)နှစ်
(တိုင်းရင်းဆေးဆရာကြီး)

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ငါးတန်ပျင်းကျေးရွာနေ (ဦးရွှေလှ-ဒေါ်အိမ်လုံ)တို့၏ သား၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၀)လမ်း၊ အမှတ် (၁၆၁)နေ ဒေါ်လှစိန်၏ ခင်ပွန်း၊ မခင်စန်းလွင်၏မွေးသဖခင်သည် ၅-၈-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၈-၂၀၀၃ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၀၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၃ရက်နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ် ကော့ယင်း ကျေးရွာ မင်္ဂလာကန်တော်ကျောင်း ဘုန်းတော်ကြီးသင် အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်းရှိ စာသင်ဆောင်အဆောက်အအုံများအခြေအနေနှင့် အသစ်ဆောက်လုပ်မည့် ကျောင်းဆောင်သစ်နေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မင်္ဂလာကန်တော်ကျောင်း ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေဝိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၈သိန်းနှင့် လှူဖွယ်ပစ္စည်းများကို မင်္ဂလာကန်တော်ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဆိုပါကျောင်း၌ပင် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ဒေသခံ ပြည်သူများက ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ရေး၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

မြို့တော်မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြင်းခွာပုံ ရေလွှဲဥမင်

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တောင်ရေချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသော တောင်ရေချောင်းရေလှောင်တမံမှ ကြက်မောက်တောင်ဆည်သို့ ရေပို့ပေးရန် ကျောက်ပန်းတောင်း-မိတ္ထီလာ မော်တော်ကားလမ်းအောက်မှ မြင်းခွာပုံ ရေလွှဲဥမင် ဖောက်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ကြက်မောက်တောင်ဆည်သို့ ရေကူးပေးနိုင်ရေး ကျောက်တံခါးချောင်းနှင့် တောင်ရေချောင်းများပေါ်၌ ရေလှောင်တမံစီမံကိန်းများ တည်ဆောက်လျက်ရှိ

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်
ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၆

ဆည်မြောင်းတာတမံများသည် မိုးနည်းရေရှားရာ အညာဒေသများ၏အဓိကလိုအပ်ချက်ဖြစ်သည်။ စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလုံလောက်လောက်ရရှိစေရန် နိုင်ငံတော်က ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ရေလှောင်ပမာဏသို့မမီသော ရေလှောင်တမံများ၊ သတ်မှတ်ထားသည့် ဆည်ရေဖြန့်ဖြူးမှုကို ပြည့်မီခြင်းမရှိသော ရေလှောင်တမံများသို့ အထောက်အကူပေးရန်အတွက်လည်း ရေလှောင်တမံများ တည်ဆောက်ပေးလျက်ရှိသည်။

ဖော်ပြပါ ရည်ရွယ်ချက်များအရ မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်တယ်ပင်တဲရွာအနီး တောင်ရေချောင်းပေါ်တွင် အလျားပေ ၂၉၅၀၊ အမြင့်ပေ ၇၀ရှိသော တောင်ရေချောင်းရေလှောင်တမံစီမံကိန်းတစ်ခုနှင့် မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးရွာအနီး ကျောက်တံခါးချောင်းပေါ်တွင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨



(၁၆)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၆)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ ဆက်လက်ကျင်းပသည်။

လာရောက်ကြည့်ရှု

အဆိုပါ ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲသို့ ယနေ့အထိ ပြည်တွင်း ရတနာကုန်သည် ၄၀၈ဦးနှင့် ပြည်ပရတနာကုန်သည် ၆၂ဦး စုစုပေါင်း ၄၇၀ဦးတို့ လာရောက်ကြည့်ရှုကြသည်။

(သတင်းစဉ်)